# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၁၁)၊ ၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် ၊ ၁၄-၁၀-၂၀၂၅၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## သမိုင်းအစဉ်အဆက်ဆက် ထိန်းသိမ်းအမွေဆက်ခံလာခဲ့သည့် အမျိုးသားယဉ်ကျေးမှုအရင်းအမြစ်များကို ပိုမိုအခြေခိုင်ခံ့အစွမ်းထက်စေရအောင် ရိုးရာအစဉ်အလာထိန်းသိမ်းမှုနှင့် တီထွင်ဆန်းသစ်မှုများ ပေါင်းစပ်မြှင့်တင်

နေပြည်တော် အောက်တိုဘာ ၁၃

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန် သဘင်ဆောင်၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာ စကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယ ဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်း ကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်

စာမျက်နှာ ၃ သို့ ❖



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရိုးရာအက အဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၃

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၃

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-I) တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကို ယင်းနေ့ နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်ကာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV HD ၊ MRTV News ၊ MRTV Parliament ၊ NRC Channel ၊ Farmer's Channel ၊ MITV ၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများဖြစ်သော MNTV၊ Skynet Update to date နှင့် Readers' Channel တို့အပြင် မိတ်ဖက် ရုပ်သံလိုင်းများဖြစ်ကြသည့် MWD HD၊ MWD Variety Channel တို့မှလည်းကောင်း၊

စာမျက်နှာ ၅ သို့ ❐

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၁၄ ရက်၊ အင်္ဂါနေ့။
မန္တလေး

## ကောင်းကျိုးချမ်းသာတို့ကိုဖြစ်စေနိုင်သည့် မင်္ဂလာတရားတော်နှင့်အညီ လိုက်နာကျင့်သုံးရမည်

မြတ်စွာဘုရားရှင်သည် လောကလူသားများ ကောင်းကျိုးချမ်းသာဖြစ်စေသည့် ကောင်းမြတ်မှန်ကန်သော မင်္ဂလာတရား (၃၈)ပါးကို ဟောကြားတော်မူခဲ့သည်။ ပူဇာစပူဇနေယျာနံ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်။ ပူဇော်ထိုက်သော ရတနာသုံးပါး၊ မိဘ၊ ဆရာသမားနှင့် မိမိထက် အသက်၊ ဂုဏ်၊ သိက္ခာကြီးသူများသည် ပူဇော်ထိုက်သောသူများဖြစ်သည်။ ရတနာသုံးပါး၊ မိဘ၊ ဆရာသမားများကို ပူဇော်ခြင်းမှာ ဆိုဖွယ်ရာမရှိပြီ။ အသက်၊ ဂုဏ်၊ သိက္ခာကြီးမြင့်သောသူတို့ကိုရတနာသုံးပါး၊ မိဘ၊ ဆရာသမားများကဲ့သို့ သဘောထားခြင်းဖြစ်သည်။ ပူဇော်ရာတွင် အာမိသပူဇာ ဝတ္ထုပစ္စည်းတို့ဖြင့် ပူဇော်ခြင်း၊ ဓမ္မပူဇာ အကျင့်တရားဖြင့် ပူဇော်ခြင်းတစ်မျိုးမျိုးဖြင့် ပူဇော်ခြင်းသည် မင်္ဂလာတရားမည်ပါသည်။ ဂါရဝေါစ ရိုသေထိုက်သူတို့ကို ရိုသေခြင်းဆိုရာ၌ ရိုသေခြင်းဟူသည် လေးလေးစားစား အမြတ်တနိုးပြုမူဆောင်ရွက်ခြင်း၊ အလေးထားဂရုစိုက်ခြင်းဖြစ်သည်။ အလေးထားလေးစားထိုက်သူတို့မှာ ရဟန်းသံဃာများ၊ ဆရာ၊ မိဘ၊ ဘိုးဘွား၊ ဘကြီး၊ အဒေါ်၊ အစ်ကို၊ အစ်မတို့နှင့် မိမိတို့ထက် အသက်၊ ဂုဏ်၊ သိက္ခာကြီးသူများဖြစ်သည်။ ထိုပုဂ္ဂိုလ်များကို အာမိသပူဇာ၊ ဓမ္မပူဇာတို့အပြင် ထိုပုဂ္ဂိုလ်များကို တွေ့လျှင် လမ်းရှောင်ပေးခြင်း၊ ကား၊ ရထားစသည်တို့၌ မိမိနေရာကို ဖယ်ပေးခြင်း၊ ထိုသူတို့အနီးမှ ဖြတ်သွားလျှင် ခပ်ယို့ယို့ကုန်း၍သွားခြင်း၊ လက်နှစ်ဖက်ဖြင့် လေးလေးစားစားပေးခြင်း၊ ယူခြင်း၊ ထိုသူတို့၏အထက် အမြင့်နေရာ၌ မထိုင်ခြင်းသည် ရိုသေလေးစားထိုက်သူကို ရိုသေလေးစားခြင်းဖြစ်သည်။ ထိုသို့ရိုသေလေးစားခြင်းသည် မင်္ဂလာမည်ပါပေသည်။နိဝါတောစ မာန်မာန မရှိရခြင်းဆိုသည်မှာ ရိုသေလေးစားသော အမူအရာရှိရုံမျှသာ မဟုတ်သေးဘဲ မိမိ၏ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးလုံးကို နှိမ့်ချထားခြင်းဖြစ်၍ မင်္ဂလာတရားမည် ပါပေသည်။ မိမိတို့နိုင်ငံသည် မြတ်စွာဘုရားရှင် ဟောကြားထားတော်မူသော မင်္ဂလာတရားတော်နှင့် အစဉ်အဆက် လိုက်နာကျင့်သုံးလာခဲ့သည့် နိုင်ငံဖြစ်သည်။ (၃၈)ဖြာ မင်္ဂလာတရားတို့ကို ပြုကျင့်လိုက်နာ သူတို့သည် အရာရာရန်ဟူသမျှတို့ကို အရှုံးမရှိ အနိုင်ရ၍ မည်သည့်အရပ်တွင်မဆို ချမ်းသာသုခအမျိုးမျိုးတို့ကို ရရှိပိုင်ဆိုင်နိုင်သည်။ မင်္ဂလာတရား (၃၈)ပါးတို့ကို လိုက်နာကျင့်ကြံသူတို့အတွက် ကြီးပွားချမ်းသာကြောင်းဖြစ်၍ မင်္ဂလာတရားတော်များနှင့်အညီ ကျင့်ကြံလိုက်နာနေထိုင်ကြရမည်ဖြစ်သည်။ မင်္ဂလာတရားတော်များကို လိုက်နာကျင့်သုံးခြင်းသည် လောကလူသားများ ကောင်းကျိုးချမ်းသာဖြစ်စေပြီး မင်္ဂလာတရားများကို မကျင့်သုံးပါက ဆုတ်ယုတ်ပျက်စီးသော အကြောင်းတရားများ ဖြစ်စေသည်။ ယဉ်ကျေးစွာ ပြုမူပြောဆိုတတ်စေရန် လူကြီးသူမတို့က ငယ်ရွယ်စဉ်ကတည်းကသင်ကြားပေးလျက်ရှိသည်။ ကလေးငယ်များကို ငယ်စဉ်ကတည်းက စနစ်တကျဖြင့် လူ့လောကတွင် လူအများနည်းတူ အောင်မြင်စွာနေထိုင် ပြောဆိုတတ်စေရန်နှင့် မှတ်ဖွယ်မှတ်ရာ အသိအလိမ္မာတို့ကို လက်ခံရယူ လိုက်နာကျင့်သုံးတတ်စေရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သော လူမှုဆက်ဆံရေးကို မင်္ဂလာတရားတော်နှင့် အညီလေ့ကျင့်သင်ကြားပေးနေကြသည်။ သို့ဖြစ်ရာ လောကလူသားများ ကောင်းကျိုးချမ်းသာတို့ကိုဖြစ်စေနိုင်သည့် မင်္ဂလာတရားတော်ကို ကလေးဘဝမှာပင် သင်ကြားပေးခဲ့ခြင်းက ရိုသေလေးစားထိုက်သူကိုရိုသေပြီး ၎င်းတို့၏ အနာဂတ်ဘဝတစ်လျှောက် လုံးတွင် လူမှုဆက်ဆံရေး၊ ဘဝအောင်မြင်ရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ အကျိုးရလဒ်အားဖြင့်ကြီးပွားချမ်းသာကြောင်းနှင့် မကောင်းမှုဟူသမျှတို့ကို ပယ်ဖျောက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ရာဇဝတ်အထူးအယူခံမှု (၂) မှုနှင့် တရားမအထူးအယူခံမှု (၅) မှုတို့ကို စီရင်ချက်ချမှတ်
## ရာဇဝတ်အထူးအယူခံမှု (၂) မှုနှင့် တရားမအထူးအယူခံမှု (၄) မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် အောက်တိုဘာ ၁၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဒေါ်ခင်မေရီ၊ ဦးသိန်းကိုကို၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ချင်းတွင်းလမ်းရှိ ဇေယျာသီရိ ခရိုင်တရားရုံး၊ ရုံးခန်းအမှတ် (၁) ၌ ပြည်ထောင်စု တရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု အမှတ် ၄/၂၀၂၅ (ရန်ကုန်)၊ ၅/၂၀၂၅ (ပဲခူး) နှင့် တရားမ အထူးအယူခံမှု အမှတ် ၄/၂၀၂၅ (ရန်ကုန်)၊ ၂၆/၂၀၂၅ (ရန်ကုန်)၊ ၂၇/၂၀၂၅ (ရောဝတီ)၊ ၂၉/၂၀၂၅ (စစ်ကိုင်း)၊ ၃၀/၂၀၂၅ (ရှမ်း)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၂) မှုနှင့် တရားမအထူးအယူခံမှု (၅) မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှု အမှတ် ၆/၂၀၂၅ (မွန်)၊ ၇/၂၀၂၅ (မွန်) နှင့် တရားမအထူးအယူခံမှုအမှတ် ၃၁/၂၀၂၅(မန္တလေး)၊ ၃၂/၂၀၂၅ (မန္တလေး)၊ ၃၃/၂၀၂၅ (ကချင်) နှင့် ၃၄/၂၀၂၅(ကချင်)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၂) မှုနှင့် တရားမအထူးအယူခံမှု (၄) မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျောက်ဆည်မြို့နယ် မှိုင်းပန်ကျေးရွာ၌ စိုက်ပျိုးထားသော ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဆည်ရေသောက်၊ မိုးရေသောက်စနစ်ဖြင့် မိုးသီးနှံမျိုးစုံ စိုက်ပျိုးထားရာ ၂၀၂၅-၂၀၂၆ ခုနှစ်၊ မှိုင်းပန်ကျေးရွာ၌ တောင်သူဦးမြင့်မွေး စိုက်ပျိုးထားသော ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဝါစိုက်ပျိုးခြင်းများနှင့်ပတ်သတ်၍ မြို့နယ်တာဝန်ရှိသူများ၏ ဝါစိုက်ပျိုးခြင်း နည်းစနစ်များအတိုင်း မြေအစိုဓာတ်ရရှိချိန်၌ တစ်ဧကသတ်မှတ်အပင်ပြည့်မီစွာဖြင့် အကွာအဝေးမှန်စွာဖြင့် စတင်စိုက်ပျိုးပြီး အပင်သက်တမ်း(၂၀) ရက်မှ(၂၅)ရက်သားတွင် စိုက်ကျင်းတစ်ကျင်းတွင် သန်မာသည့် အပင်နှစ်ပင်ချန်၍ သားခွဲပေးကြောင်း၊ ရက်ပေါင်း(၄၀)နီးပါး အပိန့်စဝင်ချိန်နှင့် ပန်းပွင့်စပွင့်ချိန်၌ ယူရီးယားအိတ်ဝက်နှင့် ကွန်ပေါင်းအိတ်ဝက်ရောစပ်ပြီး အပင်ခြေများတွင်ဖျန်းပက်ကာ မြေအစိုဓာတ်ရရှိအောင် ရေသွင်းပေးကြောင်း၊ ဝါပင်သက်တမ်း(၅၀) ရက်အထိ စုပ်ပိုးကာကွယ်ဆေး (၂)ကြိမ်နှင့် ဝါဥမ်းပိုးနီနှင့် ရွတ်လိပ်ရွက်စားပိုး(၂)ကြိမ် ဖျန်းခြင်းများဆောင်ရွက်ကြောင်း တောင်သူဦးမြင့်မွေးက ပြောပြသည်။

ကျောက်ဆည်မြို့နယ်၌ ဝါသီးနှံများကို မှိုင်းပန်ကျေးရွာအုပ်စု၌ ၃၇၅ ဧက၊ သင်္ဂတုံကျေးရွာအုပ်စု၌ ၂၃ ဧက၊ ကလေးကျေးရွာအုပ်စု၌ ၁၈ ဧက၊ ရှမ်းတောင်ဦးကျေးရွာအုပ်စု၌ ၁၀ ဧက၊ ရဲဘော်ကြီးကျေးရွာအုပ်စု၌ ၅၀၂ ဧက၊ ရဲယမန်းကျေးရွာအုပ်စု၌ ၉၄၆ ဧကနှင့် အခြားကျေးရွာအုပ်စုများရှိ ယာမြေများတွင်လည်း စိုက်ပျိုးထားရှိကြောင်း သိရသည်။

**သက်မောင်၊ကျောက်ဆည်**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၀လမ်း၊ ဒေါနဘွားကားဝင်းအနီး၊ ဓါတ်ငွေ့စက်ရုံရှေ့နှင့် ချမ်းမြသာစည်မြို့နယ်၊ ၁၀၄လမ်းနှင့် ၇၈လမ်းထောင့်၊ ဖူဂျီ Shopping Mall ရှေ့၊ ချမ်းတောင်ရပ်ကွက်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို အောက်တိုဘာ ၁၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ ၇၄ လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ရန်မန်းလမ်း၊ မိုးထိအောင်စည်ရိပ်သာအရှေ့၊ ဘောလုံးကွင်းအတွင်းတို့တွင်လည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရတနာအနောက်ရပ်ကွက်၊ ၈၅လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်း ပဲတန်းရပ်၊ တောင်မြို့ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံအနောက်ဘက်တို့တွင်လည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ ၅၉လမ်း၊ ၁၁၂လမ်းနှင့် ၁၁၃လမ်း၊ ကံသာယာရပ်ကွက်တွင်လည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၅၅လမ်းနှင့် ၁၂၀လမ်းထောင့်၊ ပြည်ရန်ကျော်ဈေးအနီးတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ခဲပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ ရှေ့ဖုံးမှ

ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုအဖွဲ့များ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှု အကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကပြဖျော်ဖြေတင်ဆက်

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ကျောက်မျက်စီခြယ် နဝရတ်ကိုးသွယ်" ယိမ်းအကဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိတို့၏အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတကာအလယ်တွင် မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မားထည်ဝါအောင် ကြိုးပမ်းစွမ်းဆောင်ပေးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

> ❛ အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးတို့၏ အသက်တမျှ အရေးကြီး ထိန်းသိမ်းကြရမည့် အမွေအနှစ်များပင်ဖြစ်၊ အမျိုးသားယဉ်ကျေးမှု မြင့်မားလေလေ၊ နိုင်ငံနှင့်လူမျိုး၏ အဆင့်အတန်းသည်လည်း မြင့်မားလေလေဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်ဖြစ်၊ မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးဝိသေသလက္ခဏာ၊ ပင်ကိုတန်ဖိုးနှင့် အဆင့်အတန်းတို့ကို အမျိုးသားယဉ်ကျေးမှုကတစ်ဆင့်သာ ဖော်ညွှန်းပြဆိုကြရခြင်းဖြစ် ❜

### ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ပေးနိုင်ခဲ့

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို အစဉ်အလာမပျက် ကျင်းပလာခဲ့သည်မှာ ယခုအခါ (၂၆)ကြိမ်မြောက်ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျင်းပနိုင်ခဲ့ခြင်းများကြောင့်လည်း အမျိုးသားယဉ်ကျေးမှုအမွေအနှစ်အနုပညာရပ်များ ထိန်းသိမ်းမြှင့်တင်မှု တိုးတက်မြင့်မားလာပြီး အမျိုးသားရေးစရိုက်လက္ခဏာများ ထင်ရှားခိုင်မာလာမှုတို့နှင့်အတူ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်နိုးကြားထက်သန်မှု အကျိုးရလဒ်ကောင်းများကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ပေးနိုင်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

### အဓိပ္ပာယ်ပြည့်ပြည့်ဝဝဖြင့် အောင်မြင်ခဲ့

ယခုကဲ့သို့ အမျိုးသားရေး အနှစ်သာရနှင့်ပြည့်ဝသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်သူအများ၏ အားပေးချီးမြှောက်မှုများကြောင့်လည်း အဓိပ္ပာယ်ပြည့်ပြည့်ဝဝဖြင့် အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနှင့် ပြိုင်ပွဲဝင်အနုပညာရှင်များအားလုံး၏ ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို လေးစားမြတ်နိုးစွာ လေ့လာလိုက်စားထိန်းသိမ်းမြှင့်တင်လိုသည့် စိတ်ကောင်း၊ စေတနာ၊ ပင်ကိုအရည်အသွေးကောင်းများနှင့်အတူ အားပေးကြသည့် မိဘဆွေမျိုးများနှင့် အနုပညာမြတ်နိုးသူဝါသနာရှင်အားလုံးတို့၏ ပူးပေါင်းပါဝင်မှုအကျိုးကျေးဇူးကြောင့်ဖြစ်သည်ကိုလည်း ဂုဏ်ပြုပြောကြားလိုကြောင်း။

### အမျိုးသားယဉ်ကျေးမှုကတစ်ဆင့်သာ ဖော်ညွှန်း

အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးတို့၏ အသက်တမျှ အရေးကြီး ထိန်းသိမ်းကြရမည့် အမွေအနှစ်များပင်ဖြစ်ကြောင်း၊ အမျိုးသားယဉ်ကျေးမှု မြင့်မားလေလေ၊ နိုင်ငံနှင့်လူမျိုး၏ အဆင့်အတန်းသည်လည်း မြင့်မားလေလေဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးဝိသေသလက္ခဏာ၊ ပင်ကိုတန်ဖိုးနှင့် အဆင့်အတန်းတို့ကို အမျိုးသားယဉ်ကျေးမှုကတစ်ဆင့်သာ ဖော်ညွှန်းပြဆိုကြရခြင်းဖြစ်ကြောင်း။

### ပုံဖော်ပျိုးထောင်ပေးကြရမည်

ထို့ကြောင့် မိမိနိုင်ငံ မိမိလူမျိုး၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ပြောဆိုနေထိုင်ကျင့်ကြံမှု၊ တွေးခေါ်မြော်မြင်မှုနှင့် စိတ်နေစိတ်ထားတို့ ယဉ်ကျေးသိမ်မွေ့စေရအောင်၊ အဆင့်အတန်းမြင့်မားစေရအောင် နိုင်ငံတိုင်းသည် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးခြင်းအားဖြင့် ပုံဖော်ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး စသည့် ဂီတ၊ သဘင်နယ်ပယ်၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ကပြသီဆိုတီးမှုတ်မှုနှင့် အသုံးပြုသည့် တူရိယာပစ္စည်းများသည်လည်း ထူးခြားသည့် မြန်မာ့မှု မြန်မာ့အသွင်စစ်စစ်ဖြင့် နိုင်ငံတကာတွင် ဂုဏ်ယူဝင့်ကြွားနိုင်သည့် ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

### ပြည့်စုံကြွယ်ဝမှုကို သိရှိနားလည်နိုင်

ယခုကဲ့သို့ ဂုဏ်ယူဝင့်ကြွားဖွယ် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများတွင် တင်ဆက်ပြသနိုင်ခြင်းအားဖြင့် တွေ့မြင်ရသည့် မျိုးဆက်သစ်လူငယ်များအဖို့မြန်မာ့ယဉ်ကျေးမှု၏ကြီးကျယ်ခမ်းနားထည်ဝါမှု၊ နက်နဲသိမ်မွေ့သည့် မြန်မာ့အနုပညာရပ်များ၏ ပြည့်စုံကြွယ်ဝမှုကို သိရှိနားလည်နိုင်ပြီး လေးစားဂုဏ်ယူခြင်းနှင့်အတူ အလေးထားမြတ်နိုး

စာမျက်နှာ ၄ သို့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချင်းတိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ရိုးရာ(ယန်းအက)ပြိုင်ပွဲတွင် အထူးဆုရရှိသည့်အဖွဲ့အား ဆုပေးအပ် ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအဆို၊ မဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ် ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

တန်ဖိုးထားစိတ်များပေါ်ပေါက်လာစေမည်မှာ မလွဲဘူးဟု မှာကြားလိုကြောင်း၊ အမျိုးသားယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးပြီး လေ့လာကြိုးပမ်း ပြိုင်ပွဲဝင်ခဲ့ကြသည့် မျိုးဆက်သစ်လူငယ်များနှင့် ဆုရရှိကြသူအားလုံးကိုလည်း လေးစားဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

**အစဉ်အလာကောင်းများရှိထားပြီးဖြစ်**

မိမိတို့မြန်မာလူမျိုးများသည် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ၊ အဆင့်အတန်းမြင့်မားသည့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုများ၊ နက်ရှိုင်းသိမ်မွေ့သည့် ယဉ်ကျေးမှုဓလေ့စရိုက်နှင့် အတွေးအခေါ်အယူအဆများ၊ လူမှုကျင့်ဝတ်စည်းကမ်းများ၏ ဂုဏ်ကျေးဇူးများကြောင့် သမိုင်းအစဉ်အဆက်တွင် ကျက်သရေရှိရှိ ရပ်တည်ထွန်းပြောင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိထားပြီးဖြစ်ကြောင်း။

**အမွေခံကောင်းများထားရစ်ခဲ့နိုင်ရန် ကြိုးပမ်း**

မိမိတို့အနေဖြင့် ဒီကောင်းမြတ်သည့် အတိတ်အစဉ်အလာများ၊ ကောင်းမွေများကို တည်တံ့တိုးပွားအောင် ထိန်းသိမ်းမြှင့်တင်ရင်း ပစ္စုပ္ပန်ကာလ၏ အခွင့်အလမ်းကောင်းများနှင့်ပေါင်းစပ်ပြီး အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် အခြေခံကောင်း အမွေခံကောင်းများ ထားရစ်ခဲ့နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အမျိုးသားရေးတာဝန်ဖြစ်ပြီး မျက်မှောက်ခေတ် နိုင်ငံသူနိုင်ငံသားများဖြစ်သည့် မိမိတို့အားလုံး၏ ပခုံးပေါ်ကိုရောက်ရှိနေပြီဖြစ်ကြောင်း။

ထို့ကြောင့် အတိတ်ကာလက ဘိုးဘွားအမွေအနှစ်ဖြစ်သည့် မြန်မာ့အနုသုခုမ ပညာရပ်များနှင့်တကွ အမျိုးသားယဉ်ကျေးမှု အဆောက်အအုံကြီး၏ ကောင်းမွေများကို ပစ္စုပ္ပန်ကာလတွင် ကောင်းမြတ်သည့်ကြိုးပမ်းအားထုတ်မှုများဖြင့် ထိန်းသိမ်းမြှင့်တင်သွားကြရမည်ဖြစ်ကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများက ပေါက်ဖွားလာသည့် အကျိုးရလဒ်ကောင်းများနှင့်ပေါင်းစပ်ပြီး အနာဂတ်အတွက် အနုပညာအမွေအနှစ်စစ်စစ်များ ပွားများကျန်ရှိရအောင် ဆက်လက်လက်တွဲ ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု ဆန္ဒပြုတိုက်တွန်းလိုကြောင်း။

**ယဉ်ကျေးမှုအနုပညာစွမ်းအားတို့ဖြင့် မြှင့်တင်**

သမိုင်းအစဉ်အဆက်ဆက် ထိန်းသိမ်းအမွေဆက်ခံလာခဲ့သည့် အမျိုးသားယဉ်ကျေးမှုအရင်းအမြစ်များကို ပိုမိုအခြေခိုင်ခံ့ အစွမ်းထက်စေရအောင် ရိုးရာအစဉ်အလာ ထိန်းသိမ်းမှုနှင့် တီထွင်ဆန်းသစ်မှုများ ပေါင်းစပ်မြှင့်တင်ဆောင်ရွက်ပေးကြရန်၊ တိုင်းရင်းသားပြည်သူများ ဓာတ်သွေးဓာတ်မာန်မြင့်မားရေးနှင့် မြန်မာ့ရိုးရာ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ပြီး တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှုကို ကာကွယ်တားဆီးပေးကြရန်၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးစသည့် စိတ်ဓာတ်ရေးရာအခြေခံများ တိုးတက်ရင့်သန် ခိုင်မာမြင့်မားစေရအောင် ယဉ်ကျေးမှုအနုပညာစွမ်းအားတို့ဖြင့် မြှင့်တင်ပေးကြရန် ဆန္ဒပြုတိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်

*စာမျက်နှာ ၅ သို့*





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ကျောက်မျက်စီခြယ် နဝရတ်ကိုးသွယ်" ယိမ်းအကဖြင့် ကပြဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး အဆို၊ မဟာဂီတပြိုင်ပွဲ အခြေခံပညာအဆင့်(၁၀-၁၅) (အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အဆို၊ ခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ အခြေခံပညာအဆင့်(၁၅-၂၀) (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

ရောဝတီတိုင်းဒေသကြီးတို့မှ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ရိုးရာ "ယန်းအက" ဖြင့် ထားဝယ်တိုင်းရင်းသားရိုးရာ တေးဂီတအဖွဲ့က ဖျော်ဖြေ ကပြတင်ဆက်ကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တိုင်းရင်းသားရိုးရာ "ယန်းအက" ပြိုင်ပွဲနှင့် ကဗျာလွတ်ပြိုင်ပွဲတို့တွင် အထူးဆု၊ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်**

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အဆို၊ မဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အဆို၊ မဟာဂီတပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အဆို၊ မဟာဂီတပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဆို၊ ခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) (အမျိုးသမီး)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဆို၊ ခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက အဆို၊ ခေတ်ဟောင်း/ ကာလပေါ် ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

**"အနန္တငါးဖြာ" သီချင်းဖြင့် သီဆိုဖျော်ဖြေ**

ဆက်လက်၍ အဆို ခေတ်ဟောင်း/ ကာလပေါ် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲ၌ ပထမဆုရရှိသူ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မမိုးမြင့်စံက "အနန္တငါးဖြာ" သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က အက၊ အရေးနှင့် အတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

**ပြိုင်ပွဲဝင်များက ကပြသီဆိုဖျော်ဖြေ**

ဆုချီးမြှင့်ပွဲတွင် အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတို့တွင် ပထမဆုရရှိခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်ကိုယ်စားပြု ပြိုင်ပွဲဝင်များက ကပြသီဆိုဖျော်ဖြေတင်ဆက်ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ဆုချီးမြှင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် ၁၆၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်ရရှိမှုများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ (၅၉) ဆု၊ မန္တလေးတိုင်းဒေသကြီးမှ (၄၇)ဆု၊ ရောဝတီတိုင်းဒေသကြီးမှ (၃၇) ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ(၃၃)ဆု၊ ပဲခူးတိုင်းဒေသကြီးမှ (၂၂) ဆု၊ မွန်ပြည်နယ်မှ (၂၁)ဆု၊ မကွေးတိုင်းဒေသကြီးမှ (၁၄)ဆု၊ ကယားပြည်နယ်မှ (၁၇)ဆု၊ ရှမ်းပြည်နယ်မှ (၁၃)ဆု၊ ရခိုင်ပြည်နယ် မှ(၁၀)ဆု၊ ကရင်ပြည်နယ်မှ (၁၂)ဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ (၁၃)ဆု၊ ချင်းပြည်နယ်မှ (၁၀)ဆုနှင့် ကချင်ပြည်နယ်မှ(၅)ဆု ရရှိခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❒ ရှေ့ဖုံးမှ

MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဓင် FM ၊ မန္တလေး FM ၊ ပဒ္မဝတီ FM ၊ ရွှေ FM ၊ ပတ္တမြား FM ၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM ၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်မည်ဖြစ်သည်။

သတင်းစဉ်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသည့် ပြိုင်ပွဲဝင်တစ်ဦး၏ စောင်းတီးခတ်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၁၃

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ရေခဲတောင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

### တက်ရောက်

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုအဖွဲ့များ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဂုဏ်ပြုအမှာစကားပြောကြား

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ပြီးမြောက်စေရေးအတွက် မိမိတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မေတ္တာစေတနာအပြည့်အဝဖြင့် ပါဝင်ကူညီပံ့ပိုးပေးခဲ့ကြသည့် ဝါရင့်သမ္မာရင့် အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်ထောက်ပံ့ပေးသူများကို ဂုဏ်ပြုသည့် အခမ်းအနားပင်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးဆိုသည့် အလွန်တရာမှန်မြတ်သော အမျိုးသားရေးရည်မှန်းချက် ပြည့်မြောက်အောင်မြင်စေရေးအတွက် အထင်ကရ အခန်းကဏ္ဍက ပါဝင်စွမ်းဆောင်ပေးလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြိုင်ပွဲကြီး အောင်မြင်ရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်စွမ်းဆောင်ပေးခဲ့ကြသည့် ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများနှင့် အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများအားလုံးလည်း နိုင်ငံတော်အစိုးရနှင့် ထပ်တူကျေနပ်ဝမ်းမြောက်ဂုဏ်ယူနေကြလိမ့်မည်ဟု ခံစားမိကြောင်း။

### ကျေးဇူးတင်ဂုဏ်ပြု

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပြီး အသွင်သဏ္ဌာန်ရောအနှစ်သာရပါ နက်နက်ရှိုင်းရှိုင်းဖြင့် အမျိုးသားရေးအဓိပ္ပာယ် ပြည့်ပြည့်ဝဝဖြင့် ကျင်းပပေးလျက်ရှိကြောင်း၊ ယခုပြိုင်ပွဲကြီးများ၏ မြင့်မားသည့်ရည်ရွယ်ချက်များ တစ်စထက်တစ်စ ပိုမိုအကောင်အထည်ပေါ်လာအောင် ပညာရှင်ကြီးများအားလုံးက တန်ဖိုးမဖြတ်နိုင်သည့် ပညာရပ်များနှင့် အားကြိုးမာန်တက် ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းကိုလည်း အလေးအနက်ထား ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရကဦးဆောင်ပြီး သက်ဆိုင်ရာကဏ္ဍအသီးသီးမှ တာဝန်ရှိသူများက မိမိနိုင်ငံ၊ မိမိလူမျိုး၊ တိုးတက်ကြီးပွားရေးအတွက် မိမိတို့၏ကိုယ်ပိုင်စွမ်းအားကို အခြေခံသည့် မှန်ကန်သော အားထုတ်ကြိုးပမ်းမှုများကို စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် မြန်မာလူမျိုးတို့၏ သမိုင်းအစဉ်အလာကောင်းများနှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ရင်း စည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ မျက်မှောက်ကာလတွင် ပွင့်လင်းလွတ်လပ်မှုနှင့် တိုးတက်လာသည့် မီဒီယာများကို အသုံးပြုပြီး ယဉ်ကျေးမှုဆိုင်ရာ ထိုးဖောက်မှုအမျိုးမျိုးသည် နယ်ပယ်အသီးသီးတွင် ထွေးရောယှက်တင် ဝင်ရောက်လာနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံအသီးသီးသည် မိမိတို့၏ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုဓလေ့စရိုက်များကို တန်ဖိုးထားထိန်းသိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးစားနေကြကြောင်း၊ အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းကာကွယ် စောင့်ရှောက်မှု ကိုယ်ခံစွမ်းအားများ မြင့်မားရှင်သန်နေစေရအောင် အနုပညာစွမ်းအားဖြင့် စေ့ဆော်မြှင့်တင်ပေးရန် တိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာရပ်များကို ဘိုးဘွားအဆက်ဆက် အနုပညာရှင်မျိုးဆက်အဆင့်ဆင့်တို့က ယဉ်ကျေးမှုအမွေအနှစ်အဖြစ် လက်ဆင့်ကမ်းသယ်ဆောင် ပွားများလာခဲ့ကြသည့်အတွက် ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲနေခြင်းပင်ဖြစ်ကြောင်း၊ နှစ်ပေါင်းထောင်ချီသည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် စဉ်ဆက်မပြတ်ပေါ်ထွန်းလာခဲ့သည့် အနုပညာရှင်ကြီးများက ထိန်းသိမ်းဆင့်ပွား အမွေပေးခဲ့သည့် ကျေးဇူးတရားကြောင့် ယနေ့မိမိတို့တစ်တွေသည် အဖိုးအနဂ္ဃထိုက်တန်လှသည့်မြန်မာ့ယဉ်ကျေးမှု အနုပညာဘဏ္ဍာတိုက်ကြီးကို ပိုင်ဆိုင်ထိန်းသိမ်းထားကြသူများအဖြစ် ရပ်တည်နေနိုင်ခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၇ သို့

*စာမျက်နှာ ၆ မှ*

**အနုပညာအမွေပေးကြရန် မေတ္တာရပ်ခံ**

ထို့ကြောင့် ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများကလည်း ခေတ်အဆက်ဆက်တွင် ပေါ်ထွန်းခဲ့သည့် ဘိုးဘွားဆရာသခင် အနုပညာရှင်ကြီးများ၏ အစဉ်အလာကောင်းများနှင့်အညီ အမွေဆက်ခံထိန်းသိမ်းထားသည့် အနုပညာဘဏ္ဍာတိုက်ကြီး ပိုမိုခိုင်ခံ့ဝင့်ကြွား တန်ဖိုးကြီးမားလာစေရအောင် ပြုစုပျိုးထောင်ပေးရင်း နောင်လာနောက်သား မျိုးဆက်သစ်အနုပညာရှင်များအတွက် အနုပညာအမွေပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း။

မိမိတို့အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များ ဆတက်ထမ်းပိုး တိုးတက်ရှင်သန် ထွန်းကားပြန့်ပွားစေရအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ပေးနိုင်ကြပါစေ၊ မိမိတို့၏ ပြည့်စုံကြွယ်ဝလှသည့် အတွေ့အကြုံများ၊ တန်ဖိုးမဖြတ်နိုင်သည့် အနုပညာစွမ်းအားများကို မျိုးဆက်သစ်လူငယ်များအား ပညာဖြန့်ဝေပေးနိုင်ကြပါစေ၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာ၊ ကျန်းမာချမ်းသာစွာဖြင့် အသက်ရာကျော်ရှည်ကြသည်အထိ နိုင်ငံနှင့်လူမျိုး အကျိုးကို အနုပညာစွမ်းပကားဖြင့် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ၊ နောင်လာမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးပေါင်းများစွာ တိုင်သည်အထိ မိမိတို့၏ အနုပညာစွမ်းအားဖြင့် ဆက်လက်ကူညီပံ့ပိုးနိုင်ကြပါစေဟု မေတ္တာပို့သဆန္ဒပြုပါကြောင်း ပြောကြားသည်။

- **နိုင်ငံအသီးသီးသည် မိမိတို့၏ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုဓလေ့စရိုက်များကို တန်ဖိုးထားထိန်းသိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးစားနေကြ၊ အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသက်ပင်ဖြစ်၊ ထို့ကြောင့် ယခုကဲ့သို့အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ကိုယ်ခံစွမ်းအားများ မြင့်မားရှင်သန်နေစေရအောင် အနုပညာစွမ်းအားဖြင့် စေ့ဆော်မြှင့်တင်ပေးရန် တိုက်တွန်းမှာကြား**
- **မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ဘိုးဘွားအဆက်ဆက် အနုပညာရှင်မျိုးဆက်အဆင့်ဆင့်တို့က ယဉ်ကျေးမှုအမွေအနှစ်အဖြစ် လက်ဆင့်ကမ်းသယ်ဆောင် ပွားများလာခဲ့ကြသည့်အတွက် ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲနေခြင်းပင်ဖြစ်၊ နှစ်ပေါင်းထောင်ချီသည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် စဉ်ဆက်မပြတ်ပေါ်ထွန်းလာခဲ့သည့် အနုပညာရှင်ကြီးများက ထိန်းသိမ်းဆင့်ပွားအမွေပေးခဲ့သည့် ကျေးဇူးတရားကြောင့် ယနေ့ မိမိတို့တစ်တွေသည် အဖိုးအနဂ္ဃထိုက်တန်လှသည့် မြန်မာ့ယဉ်ကျေးမှု အနုပညာဘဏ္ဍာတိုက်ကြီးကို ပိုင်ဆိုင်ထိန်းသိမ်းထားကြသူများအဖြစ် ရပ်တည်နေနိုင်ခြင်းဖြစ်**

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား အတွင်းရေးမှူး ဦးမင်းထက်သာနှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးစောဝင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အုပ်ချုပ်သူများကိုယ်စား မကွေးတိုင်းဒေသကြီးမှ အုပ်ချုပ်သူတစ်ဦး၊ အခမ်းအနားမှူးများ ကိုယ်စား အခမ်းအနားမှူးတစ်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်ပညာရှင်များကိုယ်စား အဆိုအကဲဖြတ်ပညာရှင် ဦးတင်ဦးလေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားတက်ရောက်လာကြသူများ၊ ပြိုင်ပွဲဝင်များနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

**အနုပညာရှင်များက ကပြဖျော်ဖြေ**

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေကြသည်။

ထို့နောက် အထူးအစီအစဉ်အဖြစ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ သဘင်ပညာရှင်ကြီးများဖြစ်ကြသည့် အနုပညာဦးစီးဌာနမှ အသက် ၇၄ နှစ်ရှိ အငြိမ်းစားဦးစီးအရာရှိ ဆရာကြီး ပန်တျာဦးမြင့်သိန်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ အငြိမ်းစား ဂုဏ်ထူးဆောင်ပါမောက္ခကြီး အသက် ၇၆ နှစ်ရှိ ဒေါက်တာနုနုခင်တို့နှင့်အတူ လက်ဆင့်ကမ်းအမွေကို ဆက်ခံကြမည့် မျိုးဆက်သစ်လူငယ်လေးများဖြစ်ကြသည့် မွန်ပြည်နယ်မှ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အကပြိုင်ပွဲ ပထမဆုရ မောင်စောအောင်ဟိန်းထွေး (ခေါ်)အဲအဲနှင့် ရန်ကုန်တိုင်းဒေသကြီးမှ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အကပြိုင်ပွဲမှ ပထမဆုရ နန်းကဌေးစံဦးတို့က "သစ္စာထား နှစ်ပါးသွား" အကဖြင့် ဂုဏ်ပြုလက်ဆင့်ကမ်း ဖျော်ဖြေတင်ဆက်ကြသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် ဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် အငြိမ်းစားဦးစီးအရာရှိ ဆရာကြီး ပန်တျာဦးမြင့်သိန်းနှင့် အငြိမ်းစား ပါမောက္ခကြီး ဒေါက်တာနုနုခင်တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက်စကား ပြောကြားသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## (၁၀၅) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၈)ကြိမ်မြောက် မြန်မာ့ရုပ်ရှင်သက်ကြီးပူဇော်ပွဲကျင်းပ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက ငွေကျပ်သိန်း ၁၀၀ လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၃

(၁၀၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၈) ကြိမ်မြောက် မြန်မာ့ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။



အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အစည်းအရုံးဝင်များ၊ မြန်မာ့ရုပ်ရှင်သက်ကြီးအနုပညာရှင်များ၊ ရုပ်ရှင်အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်၊ တိုင်းဒေသကြီးတိုင်းရင်းသား ရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများက (၁၀၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရုပ်ရှင်အစည်းအရုံးဝင်းအတွင်း နိဗ္ဗာန်ကုသိုလ်အဖြစ် ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် (၄၈) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို ဒုတိယဝန်ကြီး ဦးရဲတင့်က ပေးအပ်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်က လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀ ကို ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀၊ Forever Group မှ ငွေကျပ် ၆၇ သိန်းကျော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ(ဗဟို)မှ ငွေကျပ်သိန်း ၂၀၊ တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ငွေကျပ် ၁၀ သိန်းနှင့် မင်္ဂလာရုပ်ရှင်မိသားစုက ငွေကျပ် ၂၈ သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို ဒုတိယဝန်ကြီး ဦးရဲတင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင် ထံ ပေးအပ်စဉ်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က မှတ်တမ်းစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ရုပ်ရှင်သက်ကြီးပညာရှင်များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ပေးအပ်ရာ ရုပ်ရှင်သက်ကြီးပညာရှင် အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေက ဆုတောင်းမေတ္တာစကား ပြောကြားခဲ့သည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၇၅
ရက်
သာ လိုတော့သည်။

❖ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊

❖ လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅) ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅) ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း၊

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြား သံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်း ကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက်ထပ်မံ တိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

❖ စာမျက်နှာ ၂၄ မှ

ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးမျက်နှာစာတွင် အရေးကြီးဆုံးသော ယန္တရားတစ်ရပ်ဖြစ်သည့် လူ့အခွင့်အရေးကောင်စီသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုတွင် ဖြစ်ပေါ်နေသော အခြေအနေများကို လက်တွေ့ကျကျ၊ ဘက်လိုက်မှုကင်းကင်းဖြင့် ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ခြင်းမပြုဘဲ ဘက်လိုက်ပြီး တစ်ဖက်စောင်းနင်းသော အချက်အလက်များကိုသာ အမှန်အဖြစ် ယူဆကာ ဆောင်ရွက်နေဆဲဖြစ်သည်ကို သတိပြုမိသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဤကဲ့သို့သော အခြေအမြစ်မရှိသည့် စွပ်စွဲချက်များနှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် ဆွေးနွေးချက်များကို ပြတ်သားစွာ ကန့်ကွက်ပယ်ချပြီး နိုင်ငံတော်က ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများကို မျက်ခြည်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်မှစ၍ အဆင့်ဆင့်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲရလဒ်အရ အနိုင်ရရှိလာမည့် နိုင်ငံရေးပါတီထံသို့ နိုင်ငံ့တာဝန်ကို ပခုံးလွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပြီး မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် ပြည်တွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်သာယာဝပြောရေးတို့ကို ဆက်လက်ဆောင်ရွက်လျက် မြန်မာနိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို မြှင့်တင်ကာကွယ်သွားမည်ဖြစ်ကြောင်း ထပ်လောင်းဖော်ပြအပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

## ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနံ ဧက ၃၄၀၀၀ ကျော် စိုက်ပျိုးမည်

**ကျွန်းလှ အောက်တိုဘာ ၁၃** စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံဧက ၃၄၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၃၈၉၆ ဧက၊ နှမ်း ၁၄၀၃၃ ဧက၊ နေကြာ ၁၂၃၆ ဧက၊ ပန်းနှမ်း ၅၃၄၂ ဧက၊ မုန်ညင်းစေ့ ၃၅၇ ဧက စုစုပေါင်း ၃၄၈၆၄ ဧက စိုက်ပျိုးရန်လျာထားသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးဖို့ ၃၄၈၆၄ ဧက လျာထားပါတယ်။ တောင်သူတွေကို မျိုးကောင်း မျိုးသန့်ရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းမှန်ကန်ရေး သင်တန်းဖွင့်လှစ်ခြင်း၊ ကွင်းသရုပ်ပြပွဲများ ပြုလုပ်ခြင်း စတဲ့ စိုက်ပျိုးရေးနည်းပညာများ ကွင်းဆင်း အသိပညာပေးလျက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး စပါးအပြင် ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံ၊ နှစ်ရှည်ပင်နှင့် အခြားသီးနှံများ စိုက်ပျိုးကြကြောင်း ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်လမ်းများ ရရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၀)

သစ်တော
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်သည့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၁၃

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သား/သမီး ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့် အသိပညာများ အတုယူလေ့လာနိုင်စေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးစဉ် သွားရောက်ကြမည်ဖြစ်ရာ အဆိုပါလေ့လာရေးအဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

အဆိုပါထူးချွန်လူငယ်များပါဝင်သည့် လေ့လာရေးအဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီး လိုက်လံအားပေးပြီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ထူးချွန်လူငယ်များပါဝင်သည့်လေ့လာရေးအဖွဲ့အားကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီး မျိုးမြင့်အောင် ဦးဆောင်၍ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင် သား၊ သမီးများမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး နိုင်ငံတော်အဆင့် ဘက်စုံပညာထူးချွန်လူငယ်ရွေးချယ်ခံရသည့် ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ အမှတ်အများဆုံးရရှိသော ကျောင်းသား ကျောင်းသူ ၁၆ ဦး၊ ဂုဏ်ထူး တစ်ဘာသာဖြင့် အောင်မြင်သော စစ်သည် တစ်ဦးနှင့် ကျောင်းအုပ်ချုပ်မှုတာဝန်ခံ နှစ်ဦး၊ အုပ်ချုပ်မှုအဖွဲ့ဝင် လေးဦး စုစုပေါင်း ၃၄ ဦးတို့ပါဝင်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အောက်တိုဘာ ၁၈ ရက်အထိ လေ့လာရေးခရီးစဉ်ကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Tian Tan ပန်းခြံ၊ Tian an men ရင်ပြင်၊ မဟာတံတိုင်းကြီး (Great Wall) နှင့် အခြားအထင်ကရ နေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင် သား၊ သမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သား၊ သမီးများနှင့် စစ်သည် အစားခန့် အရပ်သားအမှုထမ်းများ၏သား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်ပေးအပ်ခဲ့ပြီး ဆုရရှိသူများအနက်မှ ထူးချွန်စစ်သည်နှင့် ဘက်စုံထူးချွန်လူငယ်များအား ၂၀၁၃ ခုနှစ်မှစ၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးခဲ့ရာ ကမ္ဘာ့တစ်ဝန်းကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် ခေတ္တရပ်နားခဲ့ရပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှ စတင်၍ လေ့လာရေးခရီး ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ သွားရောက်လေ့လာကြမည့် အုပ်ချုပ်သူများနှင့် မျိုးဆက်သစ်ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၏ လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ ပြောကြားမှုများကို ယခုကဲ့သို့ ကြားသိရပါသည်-





ဗိုလ်မှူးကြီး မျိုးမြင့်အောင်



ဒုတိယတပ်ကြပ် ကောင်းမြတ်ကျော်



မောင်အောင်ခန့်ကို



မခင်တင့်တယ်ထက်

**ဗိုလ်မှူးကြီး မျိုးမြင့်အောင်**
**(လေ့လာရေးအဖွဲ့ခေါင်းဆောင်)**

အခု လေ့လာရေးခရီးသွားရမယ့် အစီအစဉ်ကတော့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ထူးချွန်စွာအောင်မြင်ခဲ့တဲ့ စစ်မှုထမ်းဆဲ စစ်မှုထမ်းဟောင်း သား၊ သမီးများထဲမှ အမှတ်အများဆုံးနဲ့ လူရည်ချွန်ရရှိခဲ့တဲ့ ကျောင်းသား ကျောင်းသူ ၂၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရစစ်သည် တစ်ဦး၊ အောင်ချက်အကောင်းဆုံး ရရှိခဲ့တဲ့ တပ်မတော်အခြေခံပညာ အထက်တန်းကျောင်းနှင့်တပ်မတော်ပညာရေးကျောင်းတို့မှ ကျောင်းအုပ်ကြီး၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံ အုပ်ချုပ်မှုအဖွဲ့ဝင် ခြောက်ဦး စုစုပေါင်း ၃၄ ဦး ပါဝင်တဲ့လေ့လာရေးအဖွဲ့ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Tian an men ရင်ပြင်၊ မဟာတံတိုင်းကြီး၊ ဗုဒ္ဓမြတ်စွယ်တော် ကျောင်းတိုက်၊ ကွမ်ကျိုးမြို့မှာရှိတဲ့ တက္ကသိုလ်တစ်ခုနဲ့ ကွမ်ကျိုးတာဝါ စတဲ့အထင်ကရနေရာတွေကို သွားရောက်လည်ပတ်မှာ ဖြစ်ပါတယ်။ အခုလို သွားရောက်တဲ့ခရီးစဉ်မှာ ကျွန်တော့်အနေနဲ့ အဖွဲ့ခေါင်းဆောင်အဖြစ် သွားရောက်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ အခုလို သွားရောက်ခွင့်ရရှိခဲ့တဲ့အတွက် တပ်မတော်အကြီးအကဲနဲ့ တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ထူးချွန်ကျောင်းသား ကျောင်းသူတွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အခုလို လေ့လာရေးခရီးစဉ် စေလွှတ်ပေးခြင်းဖြင့် တရုတ်နိုင်ငံရဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်တဲ့ နည်းပညာအခြေခံစနစ်များ၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုများ စတဲ့ကောင်းမွန်တဲ့ အသိပညာဗဟုသုတတွေ ရရှိမှာဖြစ်ပါတယ်။ ရရှိလာတဲ့ ကောင်းမွန်တဲ့ အသိပညာဗဟုသုတတွေကို ကျောင်းသား ကျောင်းသူတွေရဲ့ အနာဂတ်အတွက် များစွာအထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစိုက်ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ထူးချွန်ကျောင်းသား ကျောင်းသူတွေကို တရုတ်နိုင်ငံကို လေ့လာရေးခရီးစေလွှတ်ပေးတဲ့အတွက် ကောင်းမွန်တဲ့ အသိအမြင်ဗဟုသုတများရရှိကာ နိုင်ငံတော်နဲ့ တပ်မတော်က အားထားရတဲ့ အရည်အချင်းပြည့်ဝတဲ့ သားကောင်းရတနာ သမီးကောင်းရတနာများအဖြစ် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်မိပါတယ်။

**ဒုတိယတပ်ကြပ် ကောင်းမြတ်ကျော်**
**(တစ်ဘာသာဂုဏ်ထူးရှင်)**

ကျွန်တော်က ပညာရေးကျောင်းကနေ တစ်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပါတယ်။ စစ်သည်တစ်ယောက်အနေနဲ့ ကြိုးစားရတာ အပြင်ကျောင်းတွေလိုမျိုး မဟုတ်ပါဘူး။ တပ်မတော်သားတစ်ယောက်ရဲ့တာဝန်တွေလည်း ကျေပွန်အောင် ဆောင်ရွက်ရတယ်။ အဲဒီလိုရတဲ့အချိန်တွေထဲကနေ စာကိုမနားမနေကြိုးစားကျက်မှတ်ခဲ့တာပါ။ ကျောင်းမှာသင်ကြားပေးတဲ့ သင်ခန်းစာတွေကို ကြိုးစားသင်ယူပါတယ်။ ညဘက်ရောက်တဲ့အခါမှာလည်း မအိပ်ဘဲ ညဉ့်နက်တဲ့အထိ လေ့လာကျက်မှတ်ခဲ့ပါတယ်။ တရုတ်နိုင်ငံကို လေ့လာရေးခရီး သွားရောက်လည်ပတ်ခွင့်ရတဲ့အတွက် အလွန်ဂုဏ်ယူဝမ်းသာမိပါတယ်။ လေ့လာရေးခရီးစီစဉ်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အထူးကျေးဇူးတင်ရှိပါတယ်။

**မခင်တင့်တယ်ထက်**
**(ခြောက်ဘာသာဂုဏ်ထူးရှင်)**

ခြောက်ဘာသာဂုဏ်ထူးရဖို့အတွက် တစ်နှစ်ပတ်လုံး တစိုက်မတ်မတ် စာကိုကြိုးစားခဲ့ရပါတယ်။ ငယ်ငယ်ကတည်းက ဆရာဝန်ဖြစ်ချင်တယ်ဆိုတဲ့ အိပ်မက်နဲ့ တစိုက်မတ်မတ် ကြိုးစားခဲ့တာလည်း ဖြစ်ပါတယ်။ အခုလို ဂုဏ်ထူးရတဲ့ ကျောင်းသားကျောင်းသူတွေကို နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေက တရုတ်နိုင်ငံကို လေ့လာရေးစေလွှတ်ပေးတဲ့အတွက် အလွန် ဝမ်းသာပီတိဖြစ်ရပါတယ်။ တရုတ်နိုင်ငံရဲ့ ယဉ်ကျေးမှုတွေ၊ အစားအသောက်တွေ၊ လူမျိုးတွေ အားလုံးကို လေ့လာရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားနေမိပြီး သူငယ်ချင်းတွေအတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ အခုလို လေ့လာရေးခရီးစေလွှတ်ပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေအားလုံးကိုအထူးကျေးဇူးတင်ရှိပါတယ်။ အနာဂတ်ရည်မှန်းချက်က ဆရာဝန်တစ်ယောက် ဖြစ်ချင်ပါတယ်။ ဒီလို ဆရာဝန်တစ်ယောက်ဖြစ်ဖို့ကိုလည်း အခုချိန်ကတည်းက ကြိုးစားနေပါတယ်။

**မောင်အောင်ခန့်ကို**
**(ခြောက်ဘာသာဂုဏ်ထူးရှင်)**

တစ်နှစ်ပတ်လုံး စာကို အစဉ်မပြတ်ဘဲ တစ်နေ့စာတစ်နေ့ ပုံမှန်ကျက်မှတ်ပါတယ်။ ဆရာ ဆရာမတွေ သင်ကြားပြသမှုတွေကို သေသေချာချာ လိုက်နာမှတ်သားတယ်။ မေးခွန်းဟောင်းတွေကို အထပ်ထပ်အပြန်ပြန် လေ့ကျင့်တယ်။ စာကို ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် ကြိုးစားကျက်မှတ်ပါတယ်။ ကျွန်တော်တို့ ကြိုးစားမှုတွေ အရာထင်လာအောင် အသိအမှတ်ပြုပြီးတော့ လေ့လာရေးခရီးစေလွှတ်ပေးတဲ့အတွက်လည်း အထူးဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အခုလို တရုတ်နိုင်ငံကို လေ့လာရေးခရီးစေလွှတ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော် ရန်ကုန်နည်းပညာတက္ကသိုလ်မှာ ပညာဆက်လက်သင်ကြားပြီး အင်ဂျင်နီယာဘွဲ့ယူပါမယ်။ ပြီးရင် PhD အထိရအောင် ကြိုးစားသွားမှာပါ။

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၁၃

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ



## ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေ

**ကံမ အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများအား ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ စည်ပင်သာယာ မြို့မဈေးအတွင်းရှိ ဈေးရောင်းဈေးဝယ်ပြည်သူများအား ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အစားထိုး ၄က် ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ် အစားထိုးအင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၇ နာရီက အဆိုပါ ဈေးအတွင်း၌ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်း၍ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

(အပေါ်ပုံ)

**စော်ထက်(သရက်)**

၀-၀-၀-၀-၀

## မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကုန်စုံဆိုင်နှင့် စားသောက်ဆိုင်များ ကွင်းဆင်းစစ်ဆေး အသိပညာပေး

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ ပြည်သူများအား မီးဘေးအန္တရာယ်ကင်းဝေးနိုင်စေရန် ယမန်နေ့ နံနက် ၉ နာရီက ကုန်စုံဆိုင်များနှင့် စားသောက်ဆိုင်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း ဦးဆောင်မှုဖြင့် ဇကရာဇ်ကျေးရွာနယ်မြေ မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးထက်မြတ်စိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကုန်စုံဆိုင်နှင့် စားသောက်ဆိုင်များရှိ မိဘပြည်သူများအနေဖြင့် မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသော မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲအိတ်နှင့် မီးသတ်ဆေးဘူး၊ မီးဘေးကာကွယ်ရေးပစ္စည်းများ အသင့်ထားရှိရေး၊ လောင်စာဆီများ သိုလှောင်ခြင်းမပြုရန်၊ တပ်ဆင်ထားသော ဟောင်းနွမ်းလျှပ်စစ်ဝိုင်ယာကြိုးများနှင့် ပျက်စီးနေသော လျှပ်စစ်ပစ္စည်းများအား အသုံးမပြုကြရန်၊ မီးကြွင်းမီးကျန်များအား စနစ်တကျ ငြိမ်းသတ်ကြရန်စသည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက်ဆောင်ရန်၊ ရှောင်ရန်အချက်များကို ကွင်းဆင်းစစ်ဆေးပြီး အသိပညာပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

၀-၀-၀-၀-၀

## တာဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**ဟိုပုံး အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၌ အောက်တိုဘာ ၁၀ ရက်က ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၀ ရက် ညနေ ၄ နာရီခွဲတွင် ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် ဟိုပုံးမြို့နယ်၊ တုံခမ်းရပ်ကွက်အရောက်၌ တည်းခိုခန်းအား ကျောက်ခဲဖြင့် ပစ်ပေါက်ရမ်းကားနေသည့် အဆိုပါရပ်ကွက်နေ ကျော်ဦး(၄၅)နှစ်အား အရှိုး၊ အသွား ၁၇ လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်းနှင့်အတူ တွေ့ရှိရမိခဲ့သဖြင့် ကျော်ဦးအား ဟိုပုံးမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ဘားအံ အောက်တိုဘာ ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အောက်တိုဘာ ၈ ရက် နံနက် ၇ နာရီခွဲတွင် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့သင်းရှူးကျေးရွာအုပ်စု၊ လှိုင်ကားကျေးရွာနေ စောအောင်စိုး(ခ) စောမောင်လေး(၆၂)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ပြားအား ဖမ်းဆီးရမိသဖြင့် စောအောင်စိုး (ခ)စောမောင်လေးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၉ရက်တွင် ဒိုက်ဦးမြို့နယ်အတွင်း၌ တရားမဝင်အခြားသစ်တန် ၁၄.၂၀ တန်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၆ ရက်တွင် မန္တလေးမြို့ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်လှစ်ထားရှိကြောင်း သိရသည်။**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူ

**စစ်ကိုင်း အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ အောက်တိုဘာ ၁၀ ရက်က လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၃ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဇင်ကျေးရွာရှိ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ကိုင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးမြို့မှ မုံရွာမြို့သို့ ရှမ်းပြည်နယ်၊ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာနေ မောင်မောင်အေး(၅၉)နှစ် မောင်းနှင်သည့် NISSAN DIESEL ၁၂ ဘီး မော်တော်ယာဉ်ကို စစ်ဆေးရာ မော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မောင်မောင်အေးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# နိုင်ငံတကာ အားကစား သတင်းများ

## 2025 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Valentin Vacherot ဆွတ်ခူး



**ပေကျင်း အောက်တိုဘာ ၁၃**

တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို မိုနာကို တင်းနစ်ကစားသမား Valentin Vacherot က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

မိုနာကို တင်းနစ်ကစားသမား Valentin Vacherot သည် 2025 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Arthur Rinderknech ကို ၄-၆၊ ၆-၃၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ Valentin Vacherot က "ကျွန်တော် အခုလို 2025 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို ဆွတ်ခူးနိုင်လို့ အတိုင်းမသိ ပျော်ရွှင်ပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ဝဲပုံ)**

**(NGB)**

## ဂွန်ဇာလိုဂါစီယာကို အငှားဖြင့်ခေါ်ယူရန် ဘက်တစ်အသင်း စီစဉ်

**မက်ဒရစ် အောက်တိုဘာ ၁၃**

ဘက်တစ်အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး ဂွန်ဇာလိုဂါစီယာကို အငှားဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ခုနစ်ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘက်တစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။ **(ယာပုံ)**

တိုက်စစ်မှူး ဂွန်ဇာလိုဂါစီယာကိုယ်တိုင်ကလည်း အတွေ့အကြုံသစ်များ ရရှိစေရန်အတွက် ဘက်တစ်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဘက်တစ်အသင်းအနေဖြင့် လာမည့်ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ဂွန်ဇာလိုဂါစီယာအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**




## ၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များ ထွက်ပေါ်

**လန်ဒန် အောက်တိုဘာ ၁၃**

၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်သည်။

၂၀၂၅ ယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားအသင်းနှင့် ကိုလံဘီယာအသင်း၊ မော်ရိုကိုအသင်းနှင့် ပြင်သစ်အသင်းတို့ အသီးသီးထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

၂၀၂၅ ယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များကို လာမည့်အောက်တိုဘာ ၁၆တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်ကို အောက်တိုဘာ ၂၀ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**




### ဘောလုံးသတင်းအတိုအထွာများ

* ဂါနာအသင်းသည် ကိုမိုရော့စ်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့သည်။
* နော်တင်ဟမ်ဖောရက်စ်အသင်းသည် အသင်းနည်းပြ ပိုစတီကိုဂလူးအား ရာထူးမှ ထုတ်ပယ်ပြီး နည်းပြရှောင်ဒိုက်အား နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လျက်ရှိသည်။

**(NGB)**

## ရိုစ်ဝီလ်ဆင်အား အားကစားဒါရိုက်တာအဖြစ် နယူးကာဆယ်အသင်းခန့်အပ်



**လန်ဒန် အောက်တိုဘာ ၁၃**

ပရီးမီးယားလိဂ်ကလပ် နယူးကာဆယ်အသင်းသည် အသင်းအားကစားဒါရိုက်တာအဖြစ် ရို့စ်ဝီလ်ဆင်အား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ရို့စ်ဝီလ်ဆင်သည် ရိန်းဂျားစ်၊ ဆောက်သမ်တန်၊ ဟက်ဒါဖီး၊ နော်တင်ဟမ်ဖောရက်စ်စသည့် အသင်းများတွင် အားကစားဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့ပြီး အတွေ့အကြုံရှိသူတစ်ဦးဖြစ်ခြင်းကြောင့် နယူးကာဆယ်အသင်းက အသင်းအားကစားဒါရိုက်တာသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

ရို့စ်ဝီလ်ဆင်က "ကျွန်တော့်ကို အခုလို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့လို့ နယူးကာဆယ်အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းကိုလည်း ယခုထက် ပိုမိုတိုးတက်အောင် အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(NGB)**



## ဒိန်းမတ်အသင်းက ဂရိအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် အောက်တိုဘာ ၁၃**

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(ဥရောပဇုန်) ခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဒိန်းမတ်အသင်းနှင့် ဂရိအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒိန်းမတ်အသင်းက ဂရိအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဒိန်းမတ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၁မိနစ် တွင် ဟွိုင်လန်း၊ ပွဲချိန် ၄၀မိနစ်တွင် အန်ဒါဆန်၊ ပွဲချိန် ၄၁မိနစ်တွင် ဒမ်းဂရတ်တို့က အသီးသီးသွင်းယူပေးခဲ့သည်။ **(အပေါ်ပုံ)**

ဒိန်းမတ်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်)ခြေစစ်ပွဲအုပ်စုပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၁၆ရက်တွင် ဘီလာရုစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**(NGB)**

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၄-၁၀-၂၀၂၅ အင်္ဂါနေ့ | ညနေ၅း၀၀ နာရီ | ဂျပန် - ဘရာဇီး |
| ။ | ညနေ ၅း၃၀ နာရီ | တောင်ကိုရီးယား - ပါရာဂွေး |
| ။ | ညနေ ၆း၃၀နာရီ | အီရန် - တန်ဇန်းနီးယား |
| ။ | ည ၁၀း၃၀နာရီ | နော်ဝေ - နယူးဇီလန် |
| ။ | ည ၁၁း၃၀နာရီ | အယ်လ်ဘေးနီးယား - ဂျော်ဒန် |
| ။ | ။ | ရုရှား - ဘိုလီးဗီးယား |
| ၁၅-၁၀-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၆း၃၀နာရီ | ကနေဒါ - ကိုလံဘီယာ |
| ။ | ။ | ပေါ်တိုရီကို - အာဂျင်တီးနား |
| ။ | နံနက် ၇း၃၀ နာရီ | အမေရိကန် - ဩစတြေးလျ |
| ။ | နံနက် ၀၉း၀၀ နာရီ | မက္ကဆီကို - အီကွေဒေါ |

### ကမ္ဘာ့ဖလား ၂၀၂၆ အာရှဇုန် ခြေစစ်ပွဲ(စတုတ္ထအဆင့်)အုပ်စုအဆင့် ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|---|
| ၁၄-၁၀-၂၀၂၅ အင်္ဂါနေ့ | ည ၁၁း၃၀နာရီ | A | ကာတာ - ယူအေအီး | ယူအေအီး ၁-၁ ကာတာ |
| ၁၅-၁၀-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက်၀၁း၁၅နာရီ | B | ဆော်ဒီအာရေဗျ - အီရတ် | အီရတ် ၁-၃ ဆော်ဒီအာရေဗျ |

### အာရှဖလားခြေစစ်ပွဲ(တတိယအဆင့်) အုပ်စုအလိုက် ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|---|
| ၁၄-၁၀-၂၀၂၅ အင်္ဂါနေ့ | ညနေ၅း၀၀နာရီ | D | တရုတ်တိုင်ပေ - ထိုင်း | ထိုင်း ၂-၀ တရုတ်တိုင်ပေ |
| ။ | ညနေ ၅း၀၀ နာရီ | A | မော်လ်ဒိုက်စ် - တာဂျီကစ္စတန် | တာဂျီကစ္စတန် ၂-၀ မော်လ်ဒိုက်စ် |
| ။ | ။ | E | မြန်မာ - ဆီးရီးယား | ဆီးရီးယား ၅-၁ မြန်မာ |
| ။ | ညနေ၅း၃၀နာရီ | A | ဖိလစ်ပိုင် - တီမော | တီမော ၁-၄ ဖိလစ်ပိုင် |
| ။ | ညနေ ၆း၃၀ နာရီ | C | ဟောင်ကောင် - ဘင်္ဂလားဒေ့ရှ် | ဘင်္ဂလားဒေ့ရှ် ၃-၄ ဟောင်ကောင် |
| ။ | ည ၇း၀၀နာရီ | F | နီပေါ - ဗီယက်နမ် | ဗီယက်နမ် ၃-၁ နီပေါ |
| ။ | ။ | F | မလေးရှား - လာအို | လာအို ၀-၃ မလေးရှား |
| ။ | ည၈း၁၅ နာရီ | D | တာမင်နစ္စတန် - သီရိလင်္ကာ | သီရိလင်္ကာ ၁-၀ တာမင်နစ္စတန် |
| ။ | ည၈း၃၀ နာရီ | C | အိန္ဒိယ - စင်ကာပူ | စင်ကာပူ ၁-၁ အိန္ဒိယ |
| ။ | ည ၁၀း၃၀နာရီ | B | ဘူတန် - လက်ဘနွန် | လက်ဘနွန် ၂-၀ ဘူတန် |
| ။ | ည ၁၁း၃၀ နာရီ | E | အာဖဂန်နစ္စတန် - ပါကစ္စတန် | ပါကစ္စတန် ၀-၀ အာဖဂန်နစ္စတန် |
| ။ | ည ၁၁း၃၀ နာရီ | B | ယီမင် - ဘရူနိုင်း | ဘရူနိုင်း ၀-၂ ယီမင် |

### ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်) ခြေစစ်ပွဲ-အုပ်စုအဆင့် ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|---|
| ၁၄-၁၀-၂၀၂၅ အင်္ဂါနေ့ | ည ၁၀း၃၀ နာရီ | I | အက်စ်တိုးနီးယား - မော်လ်ဒိုဗာ | မော်လ်ဒိုဗာ ၂-၃ အက်စ်တိုးနီးယား |
| ၁၅-၁၀-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက်၀၁း၁၅နာရီ | K | အန်ဒိုရာ - ဆားဘီးယား | ဆားဘီးယား ၃-၀ အန်ဒိုရာ |
| ။ | ။ | F | အိုင်ယာလန် - အာမေးနီးယား | အာမေးနီးယား ၂-၁ အိုင်ယာလန် |
| ။ | ။ | I | အီတလီ - အစ္စရေး | အစ္စရေး ၄-၅ အီတလီ |
| ။ | ။ | K | လတ်ဗီးယား - အင်္ဂလန် | အင်္ဂလန် ၃-၀ လတ်ဗီးယား |
| ။ | ။ | F | ပေါ်တူဂီ - ဟန်ဂေရီ | ဟန်ဂေရီ ၂-၃ ပေါ်တူဂီ |
| ။ | ။ | E | စပိန် - ဘူလ်ဂေးရီးယား | ဘူလ်ဂေးရီးယား ၀-၃ စပိန် |
| ။ | ။ | E | တူရကီယဲ - ဂျော်ဂျီယာ | ဂျော်ဂျီယာ ၂-၃ တူရကီယဲ |

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးပြိုကျခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုး သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းနှင့် စစ်ကိုင်းတံတား(အင်းဝ)တံတားသံပေါင်များဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းအခြေအနေများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကွင်းဆင်းစစ်ဆေး











**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့ ရောက်ရှိပြီး မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် မဟာမုနိဘုရားကြီးနှင့် ဘုရားကြီး ပရဝဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီးဆုံးရှုံးခဲ့မှု ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ အမရပူရမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ပြီး လှည့်လည်ကြည့်ရှုရာ မန္တလေးငလျင်ကြောင့် သံသေကပ်ကျော်ရုပ်ပွားတော်မြတ်ကြီး စံမြန်းတော်မူသော စံကျောင်းဂန္ဓကုဋိတိုက် လိုင်စေတီတော်ကြီး ထိခိုက်ပျက်စီးခဲ့ရာ ထီးတော်တည်ရှိသော အင်္ဂတေပန်းလယ်တိုင်မှာ ကျိုးပြတ်ပြီး တည်နေခြင်း၊ အမိုးခုံးကွဲအက်ကြွေမှု အပေါက်များဖြစ်သွားခြင်း၊ ဂန္ဓကုဋိတိုက် လိုင်တော်ပေါ်ရှိ ဖောင်းရစ်များ၊ စုလစ်၊ မွန်းချွန်၊ အင်္ဂတေပန်းများ ပြိုကျပျက်စီးသွားခြင်းများဖြစ်ပေါ်ခဲ့ကာ အတွင်းဆင်းတုတော်မှာ ထိခိုက်ပျက်စီးမှုများမရှိခဲ့ကြောင်း တွေ့ရှိခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြချက်များအပေါ် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့်စေတီအပေါ်ပိုင်းတစ်ခုလုံးနှင့် ဂန္ဓကုဋိတိုက် အောက်ပိုင်းတို့အား အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်သွားနိုင်ရေးတို့ကို မှာကြားခဲ့သည်။

၄င်းနောက် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်း-မန္တလေးလမ်းဟောင်းပေါ်ရှိ စစ်ကိုင်းတံတား (အင်းဝ)တံတားသံပေါင်အချို့အား ရေကြောင်းသွားလာမှုများ အဆင်ပြေစေရေးအတွက် စနစ်တကျ ဖယ်ရှားခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

## ကြေးခိုင်မ-ကိုးပင်ကျေးရွာချင်းဆက်လမ်းပေါ်၌ ရေကျော်လမ်းအရှည်ဆက်ခြင်း လုပ်ငန်းပြီးစီး

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ကြေးခိုင်မ-ကိုးပင်ကျေးရွာချင်းဆက်လမ်းပေါ်၌ ရေကျော်လမ်း အရှည်ဆက်ခြင်းလုပ်ငန်းပြီးစီးမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်နှင်းပုလဲထွေးနှင့် တာဝန်ရှိသူများက ကြေးခိုင်မ-ကိုးပင် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မူလ ပေ ၁၀၀ ရေကျော်လမ်းအား (ကိုးပင်ကျေးရွာဘက်ခြမ်း)တွင် အရှည်ပေ ၇၀၊ အရှည်ဆက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာမှ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

အဆိုပါ အရှည် ပေ ၇၀ရှိ ရေကျော်လမ်း အရှည်ဆက်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် သန်း ၇၀ အသုံးပြု၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယခုနှစ် ဇူလိုင်ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လူ

၀-၀-၀-၀-၀

၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်

**မန္တလေး အောက်တိုဘာ ၁၃**

"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေး၊ သုံးစွဲဘဏ္ဍာတိုးမြှင့်ပေး(Fund Resilience, not disasters)" ခေါင်းစဉ်ဖြင့် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တိုင်းဦးစီးမှူးများ၊ အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မျက်မှောက်ကာလ၌ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများ ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ကမ္ဘာပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်ရေးမှာ သဘာဝဘေးများကြောင့် ဆုံးရှုံးမှု လျှော့ပါးနိုင်သမျှလျှော့ပါးရေးသည် အဓိကကျပါကြောင်း၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများတွင် ပြည်သူ့ဘဏ္ဍာရန်ပုံငွေကို ခိုင်မာတောင့်တင်းစေရန် ပိုမိုအားဖြည့်ဆောင်ရွက်ခြင်းအပြင် အပြည်ပြည်ဆိုင်ရာ အကူအညီများရရှိစေရေး ဆောင်ရွက်ခြင်း၊ ပြည်သူပိုင်ကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကဏ္ဍအားလုံးတွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများကို ပေါင်းစပ်ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်များ၏ ဆိုးကျိုးများကို လျှော့ချနိုင်စေရန် ရည်ရွယ်ပြီး ယခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အခမ်းအနားကို "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေး၊ သုံးစွဲဘဏ္ဍာတိုးမြှင့်ပေး (Fund Resilience, not disasters)" ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း၊ သဘာဝဘေးလျှော့ပါးရေးလုပ်ငန်းစဉ်များတွင် ကျရာကဏ္ဍအလိုက် အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Antonio Guterres ၏ ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အတွက် ပြောကြားသည့် အမှာစကားရုပ်သံနှင့် ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် မှတ်တမ်း Video Clip တို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မန္တလေးဇုန်( ဇုန်-၁) အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်





**မန္တလေး အောက်တိုဘာ ၁၃**

ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန၊ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မန္တလေးဇုန်(ဇုန်-၁)အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အထက်မြန်မာပြည်ရှိ ပညာရေးဒီဂရီကောလိပ်(၉)ခုမှ ကျောင်းအုပ်ကြီးများ၊ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူအားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးဒီဂရီကောလိပ် ကျောင်းသား၊ ကျောင်းသူများမှာ တစ်ချိန်တွင် အခြေခံပညာ ဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်ပြီး ပညာရေးကဏ္ဍတွင် စာတွေ့လက်တွေ့ ထိရောက်စွာ သင်ကြားပေးသည့် အရည်အချင်းပြည့်ဝနေသူများဖြစ်အောင်၊ အားကစားကဏ္ဍတွင်လည်း နားလည်တတ်ကျွမ်းပြီး ထူးချွန်နေသူများဖြစ်အောင်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်လှုပ်ရှား ကြိုးစားသင်ယူနေကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများကို လိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး မိတ္ထီလာပညာရေးဒီဂရီကောလိပ်၊ မန္တလေးပညာရေးဒီဂရီကောလိပ်နှင့် စစ်ကိုင်းပညာရေးဒီဂရီကောလိပ် ကျောင်းသား၊ ကျောင်းသူများမှ Aerobic၊ Fitness Dance အကများဖြင့် သရုပ်ပြသတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့သည်။

ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မန္တလေးဇုန်(ဇုန်-၁) အားကစားပြိုင်ပွဲအား အောက်တိုဘာ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မန္တလေး၊ မုံရွာ၊ မိတ္ထီလာ၊ တောင်ကြီး၊ လွိုင်ကော်၊ ကျိုင်းတုံ၊ မကွေး၊ ပခုက္ကူ၊ စစ်ကိုင်း စသည့် ပညာရေးဒီဂရီကောလိပ်(၉)ခုမှ အသင်းလိုက် ဘောလုံး(အမျိုးသား)၊ ပိုက်ကျော်ခြင်း(အမျိုးသား)၊ ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး)၊ ပြေးခုန်ပစ်(အမျိုးသား၊ အမျိုးသမီး) အားကစားနည်း (၄)မျိုးဖြင့် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)


# စာတမ်းရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပေးအပ်

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးတက္ကသိုလ်ရာပြည့် သဘင် အထိမ်းအမှတ်အဖြစ် သုတေသနစာတမ်းဖတ်ပွဲကို ယမန်နေ့က မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

စာတမ်းဖတ်ပွဲတွင် ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များမှ စာတမ်းရှင်များက သုတေသနစာတမ်း(၆၈) စောင်ကို ဖတ်ကြားခဲ့ရာ တာဝန်ရှိသူများက စာတမ်းရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# မန္တလေးနဲ့ငလျင် ( ဌာပနာအမွေအနှစ်များ – ၁၅ )

အင်အားပြင်း မန္တလေးငလျင်ကြီးရဲ့ဒဏ်ကြောင့် တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းအမွေအနှစ်တွေ ပြိုပျက်ခဲ့လို့ အနာဂတ် ကဏ္ဍများစွာအတွက် နစ်နာမှုတွေ၊ ဆုံးရှုံးမှုတွေ လွန်စွာကြီးမားခဲ့ပါတယ်။ ဖြည့်တွေးအနေနဲ့ အကောင်းဘက်ကနေ ကြည့်မယ်ဆိုရင်တော့ သမိုင်းအတွက် ကွက်လပ်ဖြည့်ပေးတဲ့ အကျိုးများတဲ့ တွေ့ရှိမှုအသစ်တွေလည်း တွေ့ရှိခဲ့ရပါတယ်။ အဲဒီတွေ့ရှိမှု အသစ်တွေကို အချိန်နဲ့တစ်ပြေးညီ အများပြည်သူ ဗဟုသုတရအောင် ဆောင်းပါးများလည်း အဆက်မပြတ် ရေးသားတင်ပြလျက်ရှိပါတယ်။ အခုလည်း ဌာပနာစေတီငယ်များနဲ့ပတ်သက်လို့ ထူးထူးခြားခြား တွေ့ရှိချက်လေးတစ်ခုကို တင်ပြလိုပါတယ်။ အဲ့ဒါကတော့ ဖန်ကိုငုံပြီး ရွှေပြား၊ ငွေပြားကပ်ပြီး ပြုလုပ်ဌာပနာထားတဲ့ စေတီတော်ငယ်လေးတွေပဲ ဖြစ်ပါတယ်။အုတ်အင်္ဂတေနဲ့ တည်ဆောက်ခဲ့တဲ့ ရှေးဟောင်းစေတီပုထိုးတွေထဲမှာ ရွှေ၊ငွေ၊ကြေးစတဲ့ သတ္တုများနဲ့ သွန်းလောင်းဌာပနာထားတဲ့ ဗုဒ္ဓဆင်းတုတော်တွေနဲ့အတူ စေတီပုထိုး ပုံစံငယ်လေးများကိုလည်း ဗုဒ္ဓဘာသာ စတင်ရောက်ရှိလာတဲ့ ပျူခေတ်ကတည်းက တူးဖော်တွေ့ရှိ မှတ်တမ်းတင်ခဲ့ပြီး ဖြစ်ပါတယ်။ အထူးသဖြင့် သီရိခေတ္တရာနဲ့ မိုင်းမော(ပင်လယ်) မြို့ဟောင်းများမှာပါ။ တွေ့ရှိရာ မြို့ဟောင်းနေရာ မတူညီပေမယ့် တွေ့ရှိရတဲ့ စေတီပုံစံငယ်လေးတွေကတော့ တစ်ပုံစံတည်းလို့တောင် ပြောလို့ရပါတယ်။ ဒါ့ကြောင့် အဲဒီမြို့ဟောင်းနှစ်မြို့ဟာ ယဉ်ကျေးမှုချင်း ကူးလူးဆက်သွယ်မှုရှိခဲ့မယ်လို့ ကောက်ချက်ချနိုင်ပါတယ်။ဒါပေမဲ့ သီရိခေတ္တရာ မြို့ဟောင်းမှာ နောက်ခံသမိုင်းကြောင်းအထင်ရှား ရှိသော်လည်း မိုင်းမောမြို့ဟောင်းကတော့ ဒဏ္ဍာရီပုံပြင်တောင် မရှိတာ အံ့သြစရာပါ။ ဒါ့ကြောင့်လည်း ရှေးဟောင်းသုတေသနဌာနအနေနဲ့ 'တစ်နေ့တစ်လံ၊ ပုဂံဘယ်ပြေးမလဲ' ဆိုတဲ့ထုံး နှလုံးမူပြီး ဖွဲ့ကောင်းကောင်းနဲ့ စဉ်ဆက်မပြတ် တူးဖော်သုတေသနဆောင်ရွက်နေပါတယ်။ လိုရင်းကို ပြန်ပြောရရင် ပျူခေတ်ကတည်းက ကျွန်တော်တို့ ဘိုးဘေးတွေဟာ ဗုဒ္ဓအဆုံးအမနဲ့အညီ ဘုရားပုထိုးစေတီတော်တွေကို တည်ဆောက်လှူဒါန်းတဲ့အခါ ဆင်းတုတော်တွေနဲ့အတူ စေတီငယ်လေးတွေလည်းပါဝင် ဌာပနာလေ့ရှိတယ်လို့ ဆိုလိုချင်တာပါ။ ပျူခေတ်နောက်ပိုင်း ပုဂံ၊ ပင်းယနဲ့ အင်းဝခေတ်တွေရောက်တဲ့အခါ ဆင်းတုတော်တွေ ဌာပနာတာ ဆက်လက်တွေ့ရသော်လည်း စေတီငယ်လေးတွေကိုတော့ အတွေ့ရ အတော်နည်းလာခဲ့ပါတယ်။ လုံးဝမရှိဘူးလို့ ဆိုလိုတာမဟုတ်ပေမယ့် မတွေ့ရသလောက်ကို အဲဒီအစဉ်အလာက နည်းပါးသွားတာပါ။ အဲ့ဒီစေတီငယ် ဌာပနာတဲ့ အစဉ်အလာကို ကုန်းဘောင်ခေတ်ဦးပိုင်းလောက်ကစပြီး တစ်ကျော့ပြန် တွေ့လာရပြန်ပါတယ်။ အထူးသဖြင့် အမရပူရခေတ်မှာ အတွေ့ရများလာပါတယ်။ အတွေ့ရများတယ် ဆိုတာကလည်း ငလျင်ကြီးကြောင့်လို့ ပြောရင် မလွန်ဘူးထင်ပါတယ်။ ဟုတ်တယ်လေ။ ကျွန်တော်တို့ သက်တမ်းမတိုင်မီ ဘုရားစေတီတွေကို ခေတ်အဆက်ဆက်ပြုပြင်ခဲ့ကြတော့ သူတို့ခေတ်ရဲ့အနုပညာ မြောက်လက်ရာတွေရှိခဲ့တာကို လက်တွေ့မြင်တွေ့ခွင့်မရခဲ့ဘူးလေ။ အခုအင်အားပြင်းငလျင်ကြီးကြောင့် ပြိုပျက်ခဲ့ရတဲ့ စေတီတော်တွေထဲက တွေ့ရှိလာရတဲ့ ဌာပနာတွေကို စစ်ဆေးမှတ်တမ်းတင်ရင်း အမရပူရခေတ်ရဲ့ ဌာပနာစေတီတော်ငယ်လေးတွေကို အံ့သြဖွယ် တွေ့လာရတာပါ။ ဒါကို တစ်ကျော့ပြန် ပြောင်းလဲလာတဲ့ အစဉ်အလာ ယဉ်ကျေးမှုတစ်ရပ်လို့ ပြောရမယ်ထင်တယ်။ ထူးခြားတာက တွေ့လာရတဲ့ စေတီငယ်လေးတွေဟာ ရွှေ၊ ငွေနဲ့ သီးသန့်ပြုလုပ်ဖန်တီးထားရင် သိပ်ပြီးမပြောလိုပေမယ့် အခုတွေ့ရတဲ့ ရွှေ၊ ငွေစေတီငယ်အတွင်းမှာ ဖန်စေတီတစ်ထပ်ပါနေပြီး အဲ့ဒီဖန်စေတီကို အပြင်ကနေ ရွှေ၊ ငွေနဲ့ငုံပြီး ပြုလုပ်ထားတာကတော့ တစ်ခါမှ မကြုံဖူးသေးတဲ့ တွေ့ရှိမှုအသစ်ပါ။ အခု တွေ့ရသလောက် အတွင်းက ဖန်စေတီဟာ အောက်ခြေပစ္စယံများအထိ မတွေ့ရသေးဘဲ ခေါင်းလောင်းနဲ့ အထက်ပိုင်း ခရေသီးအထိပဲ တွေ့ရပါသေးတယ်။ ခရေသီးအထိအတွင်းက ဖန်စေတီပါတဲ့ ရွှေစေတီငယ်ရဲ့ အပိုင်းအစကို အမရပူရမြို့ ကြီးလေးကြီးဝင် ရွှေဂူကြီးဘုရား ဌာပနာတွေထဲက ပထမဆုံး စပြီး တွေ့ပါတယ်။ တွေ့ခါစမှာ စေတီငယ်ရဲ့ ဖောင်းရစ်အဆင့်ဆင့်တွေနဲ့ အောက်က သပိတ်မှောက်ကို ကွဲလျက်တွေ့ခဲ့ရပါတယ်။ဖောင်းရစ်အထက်ကနေ ပိန္နဲတိုင်သံချောင်းလေးလည်း ပါနေတာမို့ အဲ့ဒီသံချောင်းလေးကို ဆွဲချွတ်ကြည့်တာ ဘယ်လိုမှ ချွတ်လို့မရခဲ့ပါဘူး။ ဒါ့ကြောင့် ဌာပနာစေတီငယ်မှာ အတွင်းက ဖန်စေတီခံတယ်ဆိုတာ သေချာပေမယ့် ပရိသတ်ကို တင်ပြဖို့ရာ မပြည့်စုံသလို ခံစားရလို့ ဆောင်းပါးအဖြစ် ရေးဖို့ရာ ချိန်ဆနေခဲ့မိပါတယ်။ 'စေတနာဟာ ကံ'လို့ ဘုရားဟောခဲ့တာ စာရေးသူအတွက် အလွန်မှန်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်း အမရပူရမြို့ဟောင်း မှန်တန်းရပ်မှာ တည်ထားခဲ့တဲ့ ဆုတောင်းပြည့်ဘုရား၊ ငလျင်ကြောင့် ပြိုကျရာကနေ ထွက်ပေါ်လာခဲ့တဲ့ ဌာပနာတွေ သွားရောက်စစ်ဆေးတော့ စေတီငယ်နဲ့ အတွင်းက ဖန်စေတီခံထားတဲ့ ငွေစေတီငယ်ကို ထပ်မံတွေ့ခဲ့ရလို့ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း၊ တွေ့ခါစမှာ နှစ်ပိုင်းပြတ်နေတဲ့ ငွေစေတီငယ်ကိုပဲ ပြန်ဆက်ထားတဲ့ အနေအထားပါ။ အောက်ခြေပိုင်းမှာ ခိုနန်းချိုးပါတဲ့ ပန်းတင်ခုံပေါ် ရှစ်မြှောင့်ခံပြီး ပစ္စယံအပိုင်း ခုနစ်ဆင့် တွေ့ရပါတယ်။ အဲဒီအပေါ်ကမှ ငှက်မြတ်နားနဲ့ စိန်ဖူးတော်အထိပါတဲ့ ထီးတော်နဲ့ ဖောင်းရစ်အဆင့်ဆင့်ကို မှန်းဆပြီး တင်ထားပါတယ်။ ရုတ်တရက် ကြည့်လိုက်ရင်တော့ ဟုတ်နေသလိုလိုပါပဲ။ အဲ့ဒီမှာ အကျိုးအပဲ့တွေထဲ လိုက်ကြည့်လိုက်တော့ ဖန်နဲ့လုပ်ထားတဲ့ ဖောင်းရစ်ပါတဲ့ ခေါင်းလောင်းအပိုင်းကို နှုတ်ခမ်းကော့လေးနဲ့ ခွက်ကလေးသဖွယ် တွေ့လိုက်ရလို့ ဝမ်းသာအားရဖြစ်သွားပါတယ်။ သေချာကြည့်လိုက်တော့မှ ခွက်အောက်ခြေမှာ အရစ်လေးတွေ တွေ့ရလို့ ခွက်မဖြစ်နိုင်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။ ဆက်ပြီးတော့ ခွက်ကို မှောက်လိုက်ပြီး ခွက်အောက်ခြေက အရစ်တွေကို ငွေစေတီရဲ့ ဖောင်းရစ်နဲ့လှည့်ပြီး ဆက်ကြည့်လိုက်တာ ကွက်တိဖြစ်နေတာကို တွေ့ရပါတယ်။ နောက်ပြီး အဲ့ဒီဖန်ခေါင်းလောင်းလေး အနားစွန်းကို ပထမအောက်ခြေပိုင်း ပစ္စယာများရဲ့ အပေါ်ကနေ စွပ်ကြည့်လိုက်တော့ အံကျပါပဲ။ ဘယ်လောက်အထိ ကွက်တိကျနေသလဲဆိုရင် ဖန်ခေါင်းလောင်းလေးစွပ်တဲ့ ပစ္စယံခုနစ်ဆင့် အထက်မှာ ကြာဝန်းလေးပါနေပြီး အဲဒီကြာဝန်းနဲ့ ဖန်ခေါင်းလောင်းဟာ ကွက်တိဖြစ်နေတဲ့ အထိပါဘဲ။ နောက်ပြီး ဖန်နဲ့လုပ်ထားတာတောင် ခေါင်းလောင်းနားလေးကို ကော့နေအောင် သေချာပြုလုပ်ထားတာလည်း တွေ့ရပါတယ်။ ပိုပြီးသေချာအောင် စေတီငယ်ရဲ့ အောက်ခြေကစလို့ ထီးအထွတ်အထိ အချိုးအစားကို တိုင်းထွာပြီး စစ်ဆေးကြည့်လိုက်တော့ အမရပူရခေတ်မှာ အထူးသဖြင့် ရှမ်းပြည်နယ် အင်းလေးဒေသ ရွှေအင်းတိန်မှာ တွေ့ရတဲ့ စေတီများရဲ့ အချိုးအစားအတိုင်း သွယ်လျစွာ ဖန်တီးပြုလုပ်ထားတာကို အံ့သြစဖွယ် တွေ့လိုက်ရပါတယ်။ အဲ့ဒီတော့မှ ရွှေဂူကြီးက တွေ့ရတဲ့ အတွင်းက ဖန်စေတီခံ ရွှေစေတီငယ်ကိုလည်း မှန်းဆကြည့်လို့ ရသွားစေခဲ့ပါတယ်။ စွယ်တော်ရွက်လို နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်သလိုမျိုး ရွှေဂူကြီးနဲ့ ဆုတောင်းပြည့်စေတီတော်နှစ်ဆူက တွေ့ရတဲ့ ဌာပနာစေတီငယ်နှစ်ဆူပေါင်းမှ အမရပူရခေတ်ရဲ့ ထူးခြားတဲ့ အတွင်းကဖန်စေတီကို အပေါ်က ရွှေ၊ ငွေနဲ့ငုံလို့ ဖန်တီးခဲ့ကြတယ်ဆိုတဲ့ ထူးခြားတဲ့ အကြောင်းကို သိလိုက်ရတာပါ။ဒီနေရာမှာ စဉ်းစားစရာတစ်ခုပေါ်လာပါတယ်။ အမရပူရခေတ်မှာ အတွင်းက ဖန်စေတီကို ကိုယ်တိုင်လုပ်တာလား။ အပြင်က မှာယူတင်သွင်းတာလား၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အတော်များများ သိထားကြတာက မင်းတုန်းမင်းလက်ထက် နိုင်ငံခြားကို ပညာတော်သင်တွေ စေလွှတ်ကာ သူတို့ပြန်လာမှ စက်ရုံတွေ တည်ဆောက်ပြီး ဖန်ထည်တွေ ထုတ်လုပ်နိုင်တယ်လို့လေ။ ဖန်ချက်ဝန် ဦးရွှေအိုးတို့ ပြန်လာပြီးနောက်ပိုင်း ဖန်ချက်စက်ရုံ တည်ဆောက်ပြီး ရွှေနန်းတော်ကျောင်း၊ မာရဘင်ခန်းက ဖန်ပွတ်လုံးတွေ ထုတ်လုပ်ခဲ့တယ်ဆိုတာမျိုးပေါ့။ အဲ့ဒီအချက်နဲ့ ပတ်သက်ပြီး တူးဖော်တွေ့ရှိမှု အထောက်အထားများ ကိုးကားပြီး တင်ပြရရင် 'ဖန်'ဆိုတာ ပျူခေတ်ကတည်းက လက်မှုအတတ်အနေနဲ့ ရှိနေခဲ့ပြီး ဖန်လက်ကောက်တွေ၊ ဖန်ပုတီးတွေ ပြုလုပ်ပြီး ဆင်ယင်သုံးစွဲခဲ့တယ်ဆိုတာ တူးဖော်တွေ့ရှိမှုတွေကတစ်ဆင့် သိရပါတယ်။ စက်ရုံတည်ထောင်ပြီး အမြောက်အမြားထုတ်တာမျိုးတော့ မဟုတ်ဘူးပေါ့။ ပြောချင်တာက ရတနာပုံခေတ်မတိုင်မီ ဟိုးအစောကြီးကတည်းက မြန်မာတွေ ဖန်ထည်ပစ္စည်း လုပ်တတ်နေပါပြီ ဆိုတာပါပဲ။ အဲဒီ တစ်နိုင်တစ်ပိုင်အိမ်တွင်းလက်မှုအတတ်လုပ်ငန်းကနေ ဖန်ပစ္စည်းအချို့ကို ပြုလုပ်သုံးစွဲခဲ့မယ်လို့ သုံးသပ်ရပါတယ်။ ပြင်ပကနေ မှာယူဖို့ဆိုတာ ဖန်စေတီချည်း မှာသလား။ အပေါ်က ရွှေငွေစေတီငုံပြီးသား မှာသလား။ ဘယ်ကမှာသလဲ။မှာရင်ကော ကိုယ်လိုတဲ့ပုံ ရမှာလား။ ဘယ်လိုပဲ စဉ်းစားကြည့်ပါက အပြင်ကမှာတာထက် ကိုယ့်ပြည်တွင်းကပဲ ပြုလုပ်ခဲ့မယ်လို့ သုံးသပ်ရပါတယ်။ ပြုလုပ်တဲ့အတတ်ပညာကလည်း အစောကြီးကတည်းက ရှိပြီးသားလေ။ ဗုဒ္ဓဘာသာဝင်များ ပီပီ လောဘနည်းတာရယ်၊ ကုန်ကြမ်းရရှိမှု နည်းပါးတာရယ်၊ ပညာလျှို့တာတွေရယ်ကြောင့် များများစားစား မပြုလုပ်ကြတာလို့ စာရေးသူအနေနဲ့ သုံးသပ်မိပါတယ်။ ဖြစ်နိုင်၊ မဖြစ်နိုင် ဆိုတာကိုတော့ ဆက်လက်ပြီး သုတေသနလုပ်ရဦးမှာပါ။ သို့သော် ပြင်ပက မှာယူသည်ဖြစ်စေ၊ ပြည်တွင်းက လက်မှုအတတ်အနေနဲ့ ဖန်တီးသည်ဖြစ်စေ အခုလို အတွင်းက ဖန်စေတီခံပြီး အပြင်က ရွှေငွေနဲ့ ငုံကာပြုလုပ်ထားတဲ့ ဌာပနာစေတီတော်ငယ် တွေ့ရှိမှု အနေနဲ့ကတော့ ဒါ ပထမဆုံးပါပဲ။ ဖန်စေတီကို သုတေသနပြုဖို့ လိုသေးတယ်ဆိုသော်လည်း အပြင်က ငုံထားတဲ့ ရွှေ၊ငွေစေတီငယ်တွေကတော့ မြန်မာ့လက်ရာ စစ်စစ်ဖြစ်တယ်ဆိုတာ လုံးဝသေချာပါတယ်။ စေတီတော်ဟန်နဲ့ အချိုးအစားက အမရပူရခေတ်လက်ရာ အချိုးအစားဆိုတာလည်း လုံးဝသေချာပါတယ်။ ခိုနန်းချိုးပါတဲ့ ပန်းတင်ခုံ၊ ပစ္စယာအပိုင်းနဲ့ နောက်ဆုံး ထီးတော်ပုံစံ၊ ငှက်မြတ်နားပုံစံတွေဟာ အမရပူရခေတ် လက်ရာတွေဖြစ်ကြပါတယ်။ ယုတ်စွအဆုံး ခိုနန်းချိုး ပန်းတင်ခုံထောင့်မှာ ထုလုပ်ပြီး အလှဆင်ထားတဲ့ ခြင်္သေ့ရုပ်တုငယ်လေးတွေဟာလည်း အမရပူရခေတ်လက်ရာဟန်အပြည့်ပါပဲ။ အဲဒီ ဌာပနာစေတီငယ်ကို ပြုလုပ်သူဟာ ဘယ်လောက်တောင် စေတနာထား ပြုလုပ်ထားသလဲဆိုရင် ပိန္နဲတိုင်နဲ့ ငှက်မြတ်နားကို ထင်ရှားအောင် ဖန်တီးထားတဲ့အပြင် ထီးတော်ရဲ့ ဆည်းလည်းချိတ်ဆွဲတဲ့နေရာမှာ အပေါက်ငယ်လေးတွေ ဖောက်ပြီး သေးငယ်တဲ့ ပုတီးစေ့နဲ့ ညောင်ရွက်လေးတွေ ချိတ်ဆွဲထားတာကို ကြည့်ခြင်းအားဖြင့် သိသာပါတယ်။ နည်းနည်းလောက်ချဲ့ပြီး ပြောရရင် အောက်က ပစ္စယာ ခုနစ်ဆင့်က ခုနစ်ရက်သားသမီးတွေကို ကိုယ်စားပြုပြီး အပေါ်က ဖောင်း ၁၁ ရစ်ကတော့ ၁၁ မီးငြိမ်းစေဖို့ရာများ ရည်ရွယ်ပြုလုပ်ထားသလို ခံစားရစေပါတယ်။ အဲ့ဒါကြောင့် စာရေးသူအနေနဲ့ အခု အမရပူရဆုတောင်းပြည့်စေတီဌာပနာအတွင်းက တွေ့လာရတဲ့ အတွင်းက ဖန်စေတီခံပြီး အပြင်က ငွေနဲ့ငုံကာ ဖန်တီးပြုလုပ်ထားတဲ့ ဌာပနာစေတီတော်လေးရဲ့ ဘွဲ့တော်ကို ကမ္ပည်းတင်လိုက်ချင်တာက 'အေးငြိမ်းချမ်းသာ'လို့။



ဖန်နဲ့ငွေ စေတီငယ်




ဖန်နဲ့ရွှေ ပေါင်းစပ်စေတီငယ်မှ အစိတ်အပိုင်း

**ကျမ်းကိုး။ ကွင်းဆင်းလေ့လာတွေ့ရှိချက်များ**

ရက္ခိတ(ရှေး/သု)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မြန်မာအလင်း

# ပြည်သူ့စာကြည့်တိုက်၌ သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲနှင့် စာဖတ်ဝိုင်း ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

နေပြည်တော်စာပေဝိုင်းက ကျင်းပသည့် သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲ နှင့် စာဖတ်ဝိုင်းကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက ပြန် ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒက္ခိဏခရိုင် ပြည်သူ့ စာကြည့်တိုက်၌ကျင်းပရာ အခမ်း အနားသို့ မြန်မာနိုင်ငံ စာရေး ဆရာအသင်းဥက္ကဋ္ဌ ဆရာမြင်းမူ မောင်နိုင်မိုး၊ ဒုတိယဥက္ကဋ္ဌ ဆရာ မောင်စိမ်းနောင် (လယ်ဝေး)၊ နေပြည်တော်စာပေဝိုင်း ဂုဏ်ထူး ဆောင်နာယက အမေတင်ရီမ (ညောင်ဦး)၊ နေပြည်တော်၊ ပြန် ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် ဝန်ထမ်း များ၊ နေပြည်တော်စာပေဝိုင်း အဖွဲ့ဝင်များနှင့် စာပေဝါသနာရှင် များ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော် စာပေဝိုင်း၏ ကန်တော့ခံစာပေ ပညာရှင်များဖြစ်ကြသော အမေ တင်ရီမ (ညောင်ဦး)၊ ဆရာမြင်းမူ မောင်နိုင်မိုး၊ မစံပယ် (တောင် တွင်းကြီး)၊ မေချို(ပျဉ်းမနား)၊ ရွှေပြည်စိုး(မိုးကုတ်)တို့အား နေပြည်တော်စာပေဝိုင်းအဖွဲ့ဝင် များနှင့် စာပေဝါသနာရှင်များက ကန်တော့ခံပစ္စည်းများ၊ ကန်တော့ ငွေများဖြင့် ပူဇော်ကန်တော့ကြရာ ကန်တော့ခံစာပေပညာရှင်များက စာအုပ်လက်ဆောင်များ ပြန်လည် ပေးအပ်ကြသည်။

ထို့နောက် နေပြည်တော် စာပေဝိုင်းမှ မြန်မာနိုင်ငံ စာရေး ဆရာအသင်း၊ သက်ကြီးပူဇော်ပွဲ သို့ လှူဒါန်းငွေကျပ် ၂၇၀၀၀၀၊ ဆရာ စိုးတင့်(ရောဝတီ)မှ လှူဒါန်း ငွေကျပ် ၂၀၀၀၀၀ နှင့် ပုဗ္ဗသီရိ မြို့နယ် စာရေးဆရာအသင်းမှ လှူဒါန်းငွေကျပ် ၁၀၀၀၀၀ တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌက လက်ခံရယူပြီး ကျေးဇူး တင်စကား ပြောကြားသည်။ ယင်းနောက် နာယကဆရာ ဖိုးကျင်က ကျေးဇူးတင်စကား ပြောကြားပြီး ပထမပိုင်းအစီအစဉ် ပြီးမြောက်ခဲ့သည်။

ဒုတိယပိုင်း အစီအစဉ်အဖြစ် စာဖတ်ဝိုင်း ဆက်လက်ကျင်းပ ရာ "နေပြည်တော်စာပေဝိုင်းခရီး" ခေါင်းစဉ်ဖြင့် ဆရာမောင်စိမ်း နောင်(လယ်ဝေး)၊ ဒေါက်တာ အောင်ကျော်ဦး၊ ဒေါက်တာမြတ် မိုး၊ နေပြည်တော်စာပေဝိုင်းအဖွဲ့ ဝင်များနှင့် စာပေဝါသနာရှင် များက စာမဖတ်သူ ပပျောက် ရေး၊ စာဖတ်သူတိုးပွားရေးနှင့် ပတ်သက်၍ ရှုထောင့်အသီးသီးမှ ဆွေးနွေးခဲ့ကြပြီး ဆက်လက် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ် များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် နေပြည်တော်စာပေဝိုင်း ဂုဏ်ထူး ဆောင်နာယကတို့က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀



## ရွေးကောက်ပွဲလုပ်ငန်းများ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း

**တပ်ကုန်း အောက်တိုဘာ ၁၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ် တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲလုပ်ငန်းများ အောင် မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို အောက် တိုဘာ ၁၂ ရက် နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သူက မြို့နယ် အတွင်း မဲစာရင်းများ မှန်ကန်မှု ရှိစေရေးနှင့် ကွဲလွဲမှုမရှိစေရေး အတွက် မြေပြင်ကွင်းဆင်းတိုက် ဆိုင် စစ်ဆေးဆောင်ရွက်သွားရန်၊ မြို့နယ် (Working Group) မြေပြင်ကွင်းဆင်း စာရင်းကောက် ယူရေး ကြီးကြပ်မှုကော်မတီ အဖွဲ့နှင့် ပူးပေါင်း၍ ကွင်းဆင်း ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာအားလုံး ပူးပေါင်း ဆောင်ရွက်ကြရန်၊ ရပ်ကွက်၊ ကျေးရွာများတွင် ကြေညာထား သည့် မဲစာရင်းများကိုလည်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး စဉ်ဆက်မပြတ် လှည့် လည် ဆော်ဩသွားကြရန်နှင့် မသမာသူများဖျက်ဆီးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းစောင့်ရှောက် သွားရန်၊ မဲစာရင်းလာရောက် ကြည့်ရှုသည့် ပြည်သူများက မဲ စာရင်းတွင် အမည်ထည့်သွင်းခြင်း၊ မပါဝင်သင့်သူများ ပါဝင်ပါက ကန့်ကွက်ခြင်း၊ အချက်အလက် များ မှားယွင်းပါက ပြင်ဆင်ခြင်း များ လျှောက်ထားရာတွင် ရွေး ကောက်ပွဲဥပဒေနှင့်အညီ စနစ် တကျ သတ်မှတ်ပုံစံများဖြင့် ပြုစု တင်ပြ ဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားခဲ့ရာ တက် ရောက်လာသူများက သိရှိလိုသည် များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူ များက ပြန်လည်ရှင်းလင်းဖြေကြား သည်။

တပ်ကုန်းမြို့နယ်တွင် ရပ် ကွက် ခြောက်ရပ်ကွက်၊ ကျေးရွာ အုပ်စု ၄၉ အုပ်စုအတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးများတွင် ပထမအကြိမ် မဲဆန္ဒ ရှင် စာရင်းများကို အောက်တိုဘာ ၂၀ ရက်အထိ ကြေညာထားမည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

## ကထိန်ပွဲ

* ဝါကျွတ်သောအခါ
တို့မြန်မာ တို့သာသနာအတွက်
ထိုနေရာ ဤနေရာ
ကထိန် ပဒေသာပင်တွေ
ကထိန်ပွဲ မပာရယ်မို့
တို့မြန်မာ ကောင်းမှုစိုက်ပျိုး။

* သင်္ကန်းမှာ ကထိန်
မြတ်ဗုဒ္ဓ သာသနာဝါဝါလင်းရန်ဖို့
မဟာထေရ်သံဃာမြော်ရည်မှန်းပါလို့
ဆွေသဟာ မြန်မာမျိုးရယ်မို့
မင်္ဂလမ်းကိုတဲ့ပန်ရှယ်
အပြုံးပန်းတွေ ကိုယ်စီနဲ့
သင်္ကန်းအလှူ တစ်မူထူးတယ်
ဘဝဝယ် လှူဖြစ်ရကျိုး ။ ။

**မြတ်ထေရ်ကျော်**



# မိုင်းယောင်းမြို့၌ မသန်စွမ်းသူများနှင့်ပတ်သက်၍ အသိပညာပေး Talk Show ကျင်းပ

**မိုင်းယောင်း အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် "မသန် စွမ်းသူများနှင့်အတူ ကူညီဆောင် ရွက်" ခေါင်းစဉ်ဖြင့် မသန်စွမ်းသူ များနှင့်ပတ်သက်၍ အသိပညာ ပေး Talk Show ကို ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟို ဌာနခန်းမ၌ ကျင်းပသည်။

လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးထွန်း က ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းထုတ်ပြန် သော မသန်စွမ်းမှုဆိုင်ရာ အစီရင် ခံစာအရ ကမ္ဘာ့လူဦးရေ သန်း ၁၀၀၀ ကျော်သည် ကိုယ်အင်္ဂါ ချို့ယွင်းသည့် မသန်စွမ်းမှု တစ် မျိုးမျိုးကို ခံစားနေကြရသည်ဟု ဆိုထားကြောင်း၊ လေ့လာဆန်းစစ် ချက်အရ မြန်မာနိုင်ငံတွင် မသန် စွမ်းသူ ကလေးသူငယ် နှစ်သိန်း သုံးသောင်းခန့်ရှိကြောင်း၊ မြန်မာ နိုင်ငံတွင် မသန်စွမ်းသူများ အခွင့် အရေးဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မသန် စွမ်းသူများအားလုံး တန်းတူညီမျှ အပြည့်အဝရရှိစေရန်နှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ အားကစား၊ အနု ပညာ စသည့် ကဏ္ဍအသီးသီး တွင် သန်စွမ်းသူများနှင့်အတူ မသန်စွမ်းသူများ တန်းတူပေါင်း စည်းဆောင်ရွက်နိုင်ရန် အကောင် အထည်ဖော်လျက်ရှိကြောင်း၊ လူသားတစ်ဦးပင်ဖြစ်သော်လည်း ဘဝကံကြမ္မာအကျိုးပေးကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းနေသူများရှိကြရာ စာနာ ထောက်ထား ဖေးမကူညီမှုများ ပေးကြရမည်ဖြစ်သလို မသန် သော်လည်း စွမ်းဆောင်ရည် ပြည့်ဝသည့် လူသားတစ်ဦးအဖြစ် အားပေးကူညီပြီး အများတန်းတူ ကြိုးပမ်းဆောင်ရွက်နိုင်အောင် ပြုလုပ်ကြရမည်ဖြစ်ကြောင်း၊ မသန်လည်းစွမ်း၊ သန်လည်းစွမ်း တန်းတူအခွင့်အရေးနှင့် စွမ်းဆောင် နိုင်မှုများသည် နိုင်ငံနှင့်လူမျိုးကို ထိရောက်စွာ သယ်ပိုးထမ်းဆောင် နိုင်သည်ဖြစ်ရာ ကုလသမဂ္ဂ ပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံ၌ ချမှတ်ထားသော ဥပဒေအခွင့် အရေးများနှင့်အညီ မသန်စွမ်းသူ များနှင့်အတူ ကူညီဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။




(အပေါ်ပုံ)(၅၀၅)



## မဟာမုနိဘုရားကြီးဘက်စုံပြုပြင်ရန်အတွက် ငွေများလှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော မဟာမုနိဘုရားကြီး၏စိန်ဖူးတော်အား အသစ်ပြန်လည်တင်လှူမည်ဖြစ်သည်။ ၄က်မြတ်နားတော်နှင့် ရွှေထီးတော်ကြီးကို ပြန်လည်ပြုပြင်ပြီး ရောင်တော်ဖွင့်ပူဇော်မည်ဖြစ်သည်။ ယခုအခါ ပျက်စီးမှုများအား ရေးမူမပျက်ပြုပြင်လျက်ရှိသည်။

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ ငွေများ လာရောက်လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၈ ရက်က မန္တလေးမြို့နေ ဦးအောင်မိုး+ဒေါ်နှယ်နီလှ မိသားစုက ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ ဦးသန့်ဇင်ဖြိုး+ဒေါ်မြတ်ဖူးဇော် မိသားစုက ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ မုံရွာမြို့နေ ဦးတင်ဝင်း+ ဒေါ်ခင်ဆွေဝင်း မိသားစုက ငွေကျပ်သိန်း(၃၀) ကိုလည်းကောင်း၊ နေပြည်တော်နေ ဒုတိယဝန်ကြီး(ငြိမ်း) ဦးပိုက်ထွေး+ ဒေါ်ခင်မျိုးငွေး မိသားစုက ငွေကျပ်သိန်း ၂၀တို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူးဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးကျောင်းတော်ကြီးပြုပြင်ရန်၊ ပြတိုက်များပြင်ဆင်ရန်၊ စောင်းတန်းများ ပြုပြင်ရန်၊ မုခ်ဦးပြာသာဒ်များ ပြုပြင်ရန်နှင့် ဘက်စုံပြုပြင်ရန်အတွက် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် ၀၈၇၃ ၀၂၀၆၁၀၀၄၄၉၁၀၁နှင့် UAB ဘဏ်ငွေစာရင်းအမှတ် ၀၁၇၁၃၀ ၁၀၀၀၁၂၂၅၉ နှင့် နိုင်ငံခြားငွေစာရင်းအမှတ် ၀၁ ၇၀၁၂ ၁၀၀၀ ၀၀၇၅၀ နှင့် ဖုန်း ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅ ၉၉၉၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(အပေါ်ဝဲပုံ)

(၀၄၅)

## ပညာရေးမိသားစု ပထမအကြိမ် မဟာဘုံကထိန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့၊ မြို့နယ်ပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသော ပညာရေးမိသားစု ပထမအကြိမ် မဟာဘုံကထိန်ပွဲတော်ကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက မြို့အတွင်း လှည့်လည်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ထိုသို့ ကျင်းပရာတွင် မြို့နယ်ပညာရေးမှူး ဦးကြည်သင်း ဦးဆောင်၍ မြို့နယ်အတွင်းရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတို့က မိမိတို့လှူဒါန်းမည့် ပဒေသာပင်များကို စီတန်းကာ မြို့နယ်ပညာရေးမှူးရုံးမှ စတင်၍ ဆင်ပေါင်ဝဲမြို့အတွင်း လှည့်လည်ကြပြီး အဆိုပါ စုရပ်ရုံးသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။

ဆက်လက်ပြီး စုပေါင်းမဟာဘုံကထိန်ပွဲအား နမောတဿ



သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီး တောဇစက္ကီကျောင်းတိုက်ဆရာတော် မာဃဝံသ ထံက ရှစ်ပါးသီလခံယူဆောက်တည်ကာ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး အနုမောဒနာတရားနှင့် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချတရား ချီးမြှင့်ခဲ့ပြီး ဆရာတော်နှင့် တရားနာသည့်ပရိသတ်အပေါင်းတို့က ဗုဒ္ဓသာသနံစိရံ တိဋ္ဌတုသုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ခနဲ့ဝင်း(ဆင်ပေါင်ဝဲ)**

၀-၀-၀-၀-၀



## ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံသို့ ရာသက်ပန်ငွေလှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၃**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေဆရာတော်ကြီးတည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ဒေါနဘွားရပ်ကွက် နန်းတော်ရှေ့ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ကွယ်လွန်သူခင်ပွန်း ဦးအုန်း(မြန်မာ့သစ်လုပ်ငန်း၊ မန်နေဂျာ-ငြိမ်း)၊ (သမီး) မမြင့်မြင့်ဝင်းတို့အား ရည်စူး၍ မန္တလေးမြို့ ၁၉လမ်း၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြားနေ ဒေါ်မြသန်းနှင့်သားသမီးမြေးတစ်စုတို့က ရာသက်ပန်ဆေးပဒေသာပင်အလှူငွေကျပ်သိန်း ၂၀ တိတိကို ယမန်နေ့က ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ဆေးရုံ၊ ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

(အပေါ်ပုံ)

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅ လမ်းထိပ်ရှိ အလှူခံဌာနတွင်လည်းကောင်း၊ ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၁)

မျက်စိလှူကြ မျက်ကြည်ရ၊ မြတ်သည့်လှူဒါန။

## နယ်စပ်တောင်တန်းစုပေါင်းကထိန် အလှူခံမဏ္ဍပ်ဖွင့်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်နှင့် နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသပဓာန နာယကဆရာတော် ဘဒ္ဒန္တတိက္ခ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့် (၁၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်အလှူခံမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ၆၂ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်ရုံးရှေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ (၁၈)ကြိမ်မြောက် ကထိန်တော်ဖြစ်မြောက်ရေးအသင်းချုပ်ဆရာတော်ဘဒ္ဒန္တတိက္ခနှင့်အတူ အသင်းဥက္ကဋ္ဌ ဦးလှဝင်းနှင့် အသင်းကော်မတီဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဆင်အကဖြင့် ကပြဖျော်ဖြေကြသည်။

အခမ်းအနားသို့ အသင်းထောက် ၈ အသင်းဝင်များ ၊ ဖိတ်ကြားထားသော အသင်းဝင်ဧည့်သည်များ တက်ရောက်ကြပြီး အခမ်းအနားအပြီးတွင် စုပေါင်း၍ မှတ်တမ်းဓာတ်ပုံများ ရိုက်ကြကြောင်း သိရသည်။

(၀၄၉)

၀-၀-၀-၀

## (၂၈)ကြိမ်မြောက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဓနုံကျေးရွာ အတိစိတ္တသုခမ္မောရုံတွင် ယမန်နေ့နံနက် ၈ နာရီက ၇၅ နှစ်နှင့်အထက် သက်ကြီးအဘိုး၊ အဘွားများအား (၂၈)ကြိမ်မြောက် ပူဇော်ကန်တော့ကြသည်။

ရှေးဦးစွာ အခမ်းအနားကို "နမောတဿ"သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မြတ်ခိုင်နှင့် မိသားစုတို့က အဘိုး၊ အဘွား တစ်ဦးလျှင်ဆန်နှစ်ပြည်၊ တဘက်တစ်ထည်နှင့် ငွေကျပ် ငါးထောင်ကိုလည်းကောင်း အလှူရှင်မိုးထက်ယံလူငယ်နှင့် အလှူရှင်များက ၇၅ နှစ်အထက် အဘိုး၊ အဘွား ၆၄ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ် သုံးသောင်းလေးထောင်ကျပ်ဖြင့် ပေးအပ်လှူဒါန်းရာ အဘိုး၊ အဘွားများကိုယ်စားအဘိုးတစ်ဦးက ဆုပေးစကားပြောကြား၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်-၃)

## အသက် (၁၀၀)ပြည့် အဘိုး၊ အဘွားများအား ထောက်ပံ့ငွေများ ပေးအပ်

**တောင်တွင်းကြီး အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အဘိုး၊ အဘွားများနေ့ အထိမ်းအမှတ်အဖြစ် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက တောင်တွင်းကြီးမြို့ နယ်အတွင်းရှိ အသက်(၁၀၀)ပြည့် သက်ကြီးဘိုးဘွား ၁၇ ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေတစ်သိန်းကျပ်နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ သက်ကြီးအဘိုး၊ အဘွားများ ထောက်ပံ့ပေးအပ်ရာတွင် တောင်တွင်းကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မေသူမောင်မောင်နှင့် ဝန်ထမ်းများ ပူးပေါင်း၍ သက်ကြီးအဘိုး၊ အဘွားများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင်(မိဿနီးမြေ)**

၀-၀-၀-၀-၀





# ရှားစောင်းလက်ပပ်၏ ကျန်းမာရေးအကျိုးကျေးဇူးများ

ဆေးဖက်ဝင်အပင်အဖြစ် လူသိများသော ရှားစောင်းလက်ပပ် (Aloe Vera)ကို မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံတော်တော်များများတွင် တိုင်းရင်းဆေးအဖြစ် အသုံးပြုရန် အထူးတလည် စိုက်ပျိုးလေ့ရှိကြသည်။ အထူးသဖြင့် အာဖရိက၊ အိန္ဒိယနှင့် ပူပြင်းခြောက်သွေ့သော အရပ်ဒေသများတွင် ရှင်သန်ကြီးထွားနှုန်း မြန်ဆန်သည်။ ရှားစောင်းလက်ပပ်ပင်ကို အိန္ဒိယတွင် Korphad, Kattar vazha ၊ ပါကစ္စတန်တွင် Quargandal၊ အင်ဒိုနီးရှားတွင် Lidah Buaya(မိကျောင်းလျှာ)၊ ထိုင်းတွင် မိကျောင်းအမြီး (Crocodile Tail)၊ ဗီယက်နမ်တွင် Nha Đam ၊ လက်တင်အမေရိကနှင့် ဖိလစ်ပိုင်တွင် Savia, Savila, Sabila ဟုအမျိုးမျိုး ခေါ်ဝေါ်ကြသည်။

အဆိုပါ နိုင်ငံများတွင် ရှားစောင်းလက်ပပ်ပင်ကို အခြောက်လှန်းအမှုန့်ကြိတ်ကာ ရေနွေးဆူဆူတွင် လက်ဖက်ခြောက်ခပ်သောက်ခြင်း၊ အရွက်ကို ပါးပါးလှီးကြိတ်၍ ပိတ်စ ပါးပါးဖြင့် အရည်ညှစ်ချပြီး ဆူအောင်တည်ကာ အမြုပ်တွေဖယ်ရှားပြီးနောက် သကြား သို့မဟုတ် ပျားရည်ထည့်၍ ကျိုချက်သောက်ခြင်းတို့အပြင် အသင့်သောက်ဖျော်ရည်ဘူးများ ထုတ်လုပ်ကြသည်။ ထို့ပြင် ဦးခေါင်းအစ ခြေထောက်အဆုံး အလှကုန်ပစ္စည်း အမျိုးမျိုးတို့ကိုလည်း ထုတ်လုပ်ရောင်းချလျက်ရှိသည်။ လူ့ခန္ဓာကိုယ်တစ်ခုလုံးကို အကျိုးပြုပေးနိုင်သည့်အတွက် ရှားစောင်းလက်ပပ်ဖြင့် ပြုလုပ်ထားသော စားဆေးများ၊ သောက်ဆေးများ၊ လိမ်းဆေးများ၊ ကိုယ်လက်သန့်စင်ဆေးရည်များ၊ သွားတိုက်ဆေး၊ ဆပ်ပြာစသည့် အိမ်သုံးဆေးဝါးအမျိုးမျိုးနှင့် လူ့အသုံးအဆောင်အမျိုးမျိုးတို့ကို ရှားစောင်းလက်ပပ်မှ ထုတ်လုပ်နေကြခြင်း ဖြစ်သည်။

**ပြည်ပဝင်ငွေရရှိသော မြန်မာ့ရှားစောင်းလက်ပပ်ချက်ဆေး**

မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက်မှစ၍ အိမ်သုံးဆေးဝါးအဖြစ်အသုံးပြုသည့် သဘာဝရှားစောင်းလက်ပပ်ချက်ဆေးများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များအထိ တင်ပို့ရောင်းချပေးနေရကြောင်း စားသုံးသူရေးရာဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ထနောင်းခလုကျေးရွာမှ ထုတ်လုပ်သည့် သဘာဝရှားစောင်းလက်ပပ်ချက်ဆေးမှာ ပြည်တွင်းဈေးကွက်တွင်သာမက ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ တရုတ်နိုင်ငံများအထိ တင်ပို့ရောင်းချနေရသည်။ အဆိုပါဒေသများသည် မိုးခေါင်ရေရှား ပူပြင်းခြောက်သွေ့သည့်ဒေသဖြစ်သဖြင့် ရှားစောင်းလက်ပပ်ချက်ဆေး၏ ကုန်ကြမ်းများဖြစ်ကြသော ရှားစောင်းလက်ပပ်၊ ထန်းဖိုထန်းလျက်၊ ဆီးပျားရည်တို့မှာ အလွယ်တကူ ပေါများစွာရရှိနိုင်သည့် ဒေသများဖြစ်ရာ ချက်ဆေးပြုလုပ်ရန် အလွန်အဆင်ပြေကြောင်း သိရသည်။

ရှားစောင်းလက်ပပ်ချက်ဆေးအား ကာလတာရှည်ခံရန်အတွက် လှီးထားသည့် ရှားစောင်းလက်ပပ်များကို တစ်နေကုန် နေလှန်းပြီးမှ ထန်းလျက်၊ ဆီးပျားရည်၊ မန်ကျည်းမှည့်၊ စမုန်စပါးပါး၊ နှမ်းနက်ဆီတို့ထည့်၍ ရေ(အရည်)ကုန်သည်အထိ မီးကို လိုအပ်သလို အတိုး၊ အလျှော့ထားကာ ကျိုချက်ရသည်။ ရှားစောင်းလက်ပပ်ချက်ဆေးတစ်ဒယ်တွင် ရှားစောင်းလက်ပပ် ခြောက်ပိဿာ၊ ထန်းလျက် လေးပိဿာ၊ မန်ကျည်းမှည့် တစ်ပိဿာ ၂၅ ကျပ်သား၊ ပျားရည် ၁၀ ကျပ်သား၊ နှမ်းနက်ဆီ ၅၀ ကျပ်သား၊ စမုန်စပါးပါး ၁၀ ကျပ်သား စသည်ဖြင့် အချိုးကျထည့်၍ ကျိုချက်ရသည်။ အသုံးပြုသည့် ကုန်ကြမ်းများမှာ သဘာဝအော်ဂဲနစ်စစ်စစ်ဖြစ်၍ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများနှင့် ပြည်ပနိုင်ငံများမှ စားသုံးသူများက မှာယူသုံးစွဲလာခဲ့ခြင်း ဖြစ်သည်။

**စီးပွားဖြစ်စိုက်ပျိုးနည်း**

ရှားစောင်းလက်ပပ်ပင်ကို မြေနီ၊ မြေကျစ်၊ မြေပွမျှားတွင် အစိုဓာတ်အသင့်အတင့်ရရှိရုံနှင့် စိုက်ပျိုးနိုင်သည်။ မြေကြီးပေါ်ချစိုက်သောအပင်က ပန်းအိုးထဲထည့်စိုက်သည့်အပင်ထက်ပို၍ အပေါက်မြန်ပြီး ကြီးထွားသန်မာစေသည်။ လေဝင်လေထွက်ကောင်းမွန်သော မြေအမျိုးအစားနှင့် ရေစီးဆင်းမှုလွယ်စေပြီး ရေဓာတ်သိုမှီထားနိုင်သော မြေမျိုးတွင် ဖြစ်ထွန်းမှု မြန်ဆန်သည်။ ၎င်းမြေတွင် သဲကြမ်းအနည်းငယ်၊ သစ်ရွက်ဆွေးအနည်းငယ်၊ မီးသွေးမှုန့်အနည်းငယ် ဖြည့်စွက်ရောနှော စိုက်ပျိုးရပါမည်။ အပင်ခြေရင်းတွင် ပြာအနည်းငယ် ပုံပေးပါက ဖြစ်ထွန်းလွယ်သည်။ တစ်ပင်နှင့်တစ်ပင် ၅ ပေ ခြားစိုက်ပျိုးပါ။ စိုက်ပျိုးပြီး တစ်နှစ်သားအရွယ်မှာ အပင်လက်များ သန်မာထွားကျိုင်းကာ ဖြစ်ထွန်းအောင်မြင်လာပါလိမ့်မည်။ အဓိကအားဖြင့် နေရောင်ခြည်ကောင်းကောင်းရသော အရှေ့အရပ်နှင့် တောင်အရပ်တို့က ရှားစောင်းလက်ပပ်ပင် စိုက်ပျိုးသင့်သောနေရာကောင်းဖြစ်သည်။ ရေကြိုက်ပင် မဟုတ်၍ ရေလျှော့လောင်းပါ။

သားတက်ခွဲစိုက်နည်းဖြင့်လည်း စိုက်ပျိုးနိုင်ပြီး မိခင်အပင်မကြီး၏ အမြစ်ကို မထိခိုက်စေဘဲ သားတက်ကို အမြစ်ပါ နုတ်ယူပြီး စိုက်ပျိုးနည်းဖြစ်သည်။ ပထမဆုံး သားတက်ကိုနုတ်ယူပါ။ လေဝင်လေထွက်ကောင်းပြီး နေရိပ်ရသောနေရာမှာ ရက်သတ္တပတ်ခန့် အခြောက်ခံထားပါ။ သေသေချာချာခြောက်ပြီဆိုလျှင် မြေထဲကိုစိုက်ထည့်ပါ။ ချက်ချင်းရေမလောင်းရ။ အမြစ်များ အသေအချာခိုင်လာမှ ရေလောင်းပါ။ မကြာခင် အပင်သစ်က အမြစ်ထွက်လာပါလိမ့်မည်။ အပင်သစ်၏ အရွက်အနည်းငယ်အဝါရောင်သမ်းလာသော်လည်း စိတ်မပူပါနှင့်။ အမြစ်တဖြည်းဖြည်း ရှည်ထွက်လာချိန်မှာ အရွက်လည်း ပို၍သန်လာမည်။ ယင်းနောက်တွင် အရွက်က အစိမ်းရင့်ရောင် ပြောင်းလဲလာလိမ့်မည်။ ထိုအခါ အသေအချာ စစ်ဆေးကြည့်ပြီးမှ ရေလောင်းပါ။

**ရှားစောင်းလက်ပပ်၏ အကျိုးကျေးဇူးများ**

ရှားစောင်းလက်ပပ် အပင်ထဲတွင် ဖန်သားလိုကြည်လင်သော အဖြူရောင်ဂျယ်လီများ ပြည့်သိပ်လျက်ရှိနေပြီး ၎င်း၌ ရေဓာတ် ၉၉ ရာခိုင်နှုန်းခန့်ပါဝင်သည်။ ကျန်တစ်ရာခိုင်နှုန်းထဲတွင် ဗီတာမင်နှင့် သတ္တုဓာတ် အမျိုး ၂၀၊ အမိုင်နိုအက်စစ် ၁၈ မျိုး၊ Phytonutrients နှင့် Enzymes စသော ဓာတ်ပေါင်းစု အမျိုးပေါင်း ၂၀၀ စီပါရှိကြသည်။ ထို့ပြင် အပင်များတွင် တွေ့ရခဲသော ဗီတာမင်ဘီ-၁၂ ကို ရှားစောင်းလက်ပပ်ထဲတွင် ရှားရှားပါးပါး တွေ့မြင်ရသည်။

ရှားစောင်းလက်ပပ်၏ သူမတူအောင် ဆေးဖက်ဝင်ပုံကို အောက်ပါအတိုင်း လေ့လာသိရှိနိုင်ပါသည်။

- ဂျယ်လီအနှစ်ကို မျက်ခွံပေါ်အုံပေးပါက မျက်စိနာ၊ မျက်စိကိုက်၊ မျက်စိပူစပ်၊ မျက်စိယားယံခြင်းတို့ကို ပျောက်စေသည်။
- နားထဲတွင်အနာပေါက်ခြင်း၊ နားကိုက်ခြင်းနှင့် နားပိုးဝင်၍ ရောင်ကိုင်းခြင်းတို့အတွက် ရှားစောင်းလက်ပပ်ကို ၂ လက်မအရွယ်လှီးဖြတ်ကာ အလယ်မှထက်ခြမ်း ခြမ်းပြီး တစ်ခြမ်းစီကို နား၏အရှေ့နှင့် အနောက်ဘက်တို့တွင် ကပ်ပါ။ ဂျယ်လီအနှစ်များကို နားအပြင်မှပွတ်ပေးခြင်းဖြင့် ရောင်ကိုင်းမှုများ လျော့ကာ နာကျင်ကိုက်ခဲမှုများ ယူပစ်သလိုပျောက်ကင်းစေနိုင်သည်။
- ရှားစောင်းလက်ပပ်ကို ဖျော်ရည်သောက်ခြင်း သို့မဟုတ် ပါးပါးလှီး၍ ဟင်းချက်စားခြင်းဖြင့် ခမ္ဘတာမှန်စေကာ အမျိုးသမီးများ မျိုးပွားအင်္ဂါကို ခွန်အားဖြစ်စေရုံသာမက သားအိမ်သန့်စေသည်။ သွေးဆုံးပြီးနောက် မီးယပ်ရောဂါတို့ကိုလည်း မဖြစ်နိုင်တော့ပေ။
- ကျား၊ မလိင်အင်္ဂါများရှိ ရေယုန်နာများကို ရှားစောင်းလက်ပပ်ပင်၏ ဂျယ်လီအနှစ်လိမ်းပေးခြင်းဖြင့် သက်သာစေနိုင်သည်။
- ရှားစောင်းလက်ပပ်ဂျယ်လီသည် အရေပြားကြမ်းထော်ကာ အနီအပိမ့်များထွက်ရှိခြင်း၊ အရေပြားတွင် ရေအိတ်တည်ခြင်း၊ အပူလောင်ခြင်း၊ ဘက်တီးရီးယားနှင့် မှိုပိုးတို့ကြောင့် ပွေး၊ ညှင်း စသည့် အရေပြားရောဂါအမျိုးမျိုးတို့ကို သက်သာပျောက်ကင်းစေသည်။
- ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါရှိသဖြင့် အစာချေစနစ်ကိုအားပေးကာ အစာအိမ်နာခြင်း၊ အစာမကြေခြင်းတို့ကို သက်သာစေသည်။ အထူးသဖြင့် အူမကြီးကင်ဆာ အပါအဝင် ကင်ဆာအကျိတ်များ ကြီးထွားလာမှုကို ရပ်တန့်စေသည်။ ကိုယ်တွင်း၊ ကိုယ်ပ ရောင်ရမ်းနာများဖြစ်ကြသော အစာအိမ်ပြည်တည်နာများ၊ အသည်းရောင်ခြင်း၊ အူရောင်ခြင်းဝေဒနာတို့ကို လျော့ကျစေနိုင်သည်။
- သွေးထဲရှိ အောက်စီဂျင်ကို ကောင်းစွာလည်ပတ်စေပြီး ဆဲလ်များကို ခွန်အားဖြစ်စေသည်။
- အပင်ထဲရှိ Polysaccharides, Mannans, Anthraquinones နှင့် Lectins စသော ဒြပ်ပေါင်းစုများသည် နှလုံးစွမ်းရည်ကို တိုးမြှင့်ပေးသည့်အပြင် သွေးတွင်း အဆီခဲ၊ သွေးခဲများ ပိတ်ဆို့ခြင်း၊ နှလုံးသွေးပျစ်ခြင်းစသော နှလုံးသွေးကြောပြဿနာများကို လွန်စွာကောင်းကျိုးပြုသည်။ ထို့ပြင် နှလုံးရောဂါနှင့်ဆက်စပ်သည့် လေဖြတ်ခြင်းကို မဖြစ်စေနိုင်ပေ။
- သွေးဖိအားကို ထိန်းညှိပေးခြင်းကြောင့် သွေးတိုးရောဂါ မဖြစ်စေပါ။
- အရေပြားပေါ်ရှိ ထိခိုက်ဒဏ်ရာများနှင့် ပိုးဝင်ခြင်းတို့ကို သက်သာပျောက်ကင်းစေနိုင်သည်။ မီးလောင်နာ၊ အရေကြည်ဖုနာ၊ ထိခိုက်ရှနာ၊ နေလောင်ဒဏ်ရာစသည်တို့ကို ရှားစောင်းလက်ပပ်တွင် ပါဝင်သော အောက်စီဂျင်ဓာတ်တစ်မျိုးကြောင့် အရေပြားပေါ်မှ ဆဲလ်များကို အလိုလိုပြုပြင်ပေးစွမ်းနိုင်ပါသည်။ (သို့သော် ခွဲစိတ်အနာချုပ်ရိုးများကို အနာကောင်းစွာ မကျက်သေးခင် ရှားစောင်းလက်ပပ်လုံးဝ မလိမ်းပါနှင့်၊ အနာကျက် နှေးသွားစေသည်)
- သွေးစုနာ၊ အကျိတ်အဖုအနာ၊ သွေးလုံး၊ လေလုံး၊ အဆီကျိတ်များအပေါ် အပင်၏ဂျယ်လီဖြင့် လိမ်း၍ကပ်ထားပေးခြင်းဖြင့် အကျိတ်ကြေ ပြည်ပေါက်ထွက်ကာ ငန်းမန်းကြေစေသည်။
- ရှားစောင်းလက်ပပ်အပင်ကိုမီးဖြိုက်၍ အနှစ်ကိုစားပေးပါက ရေဖျဉ်းရောဂါပျောက်စေပြီး မီးဖြိုက်ထားသော ထိုအနှစ်ကို သကြားဖြင့်စားပေးပါက အမျိုးသမီးများ အဖြူဆင်းခြင်းကို သက်သာစေသည်။
- ဂျယ်လီအနှစ်ကိုခြစ်ယူ၍ ဆန်ဆေးရည်တွင် စိမ်ပြီး သကြားထည့်သောက်ပါက ဆီးပူ၊ ဆီးအောင့်ရောဂါ ပျောက်ကင်းစေပြီး ဆီးကျောက်တည်ခြင်းမှ ကာကွယ်ပေးသည်။
- အသားဝါရောဂါရှိသူများ ဂျယ်လီအနှစ်သားကို စားပေးခြင်းဖြင့် ချမ်းသာရာရစေသည်။
- ဖျော်ရည်သောက်သုံးပေးခြင်းဖြင့် အအေးမိ၊ တုပ်ကွေးဖျားနာ၊ နှာခေါင်းပိတ်ခြင်း၊ လေပြွန်ရောင်ခြင်း၊ ရင်ပူခြင်းစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများကို ကောင်းစွာကုသပေးနိုင်စွမ်းရှိသည်။
- သွေးထဲရှိ ဂလူးကို့စ်ပမာဏကျစေသဖြင့် ဆီးချိုရောဂါသည်များ ရှားစောင်းလက်ပပ်ဖျော်ရည်ကို သောက်သုံးသင့်သည်။
- ခံတွင်းထဲရှိ ဘက်တီးရီးယားပိုးမွှားများကို သေစေကာ သွားများကို ဖြူဖွေးသန့်စင်ခိုင်ခံ့စေပြီး သွားဖုံးကျန်းမာစေသည်။
- သဘာဝ သကြားဓာတ်ပါရှိသဖြင့် ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားစေသည်။
- အပင်၏ Enzymes များထဲတွင် ဝမ်းသက်စေသော အစွမ်းသတ္တိပါရှိခြင်းကြောင့် အူမကြီးနံရံရှိ အကျိအချွဲများကို တိုးပွားစေကာ အူကို သန့်စင်စေပြီး ဝမ်းမချုပ်စေတော့ပေ။ (သို့သော် အပင်ကို အခြောက်ထား၍ ဝမ်းပျော့ဆေးအဖြစ် အမြဲစားသုံးလျှင် ဆေးမတိုးတော့ဘဲ အကျင့်ပါသွားတတ်သည်ကို သတိပြုပါ)
- ခေါင်းမလျှော်မီ ရှားစောင်းလက်ပပ်ဂျယ်လီနှင့် ဦးရေပြားကိုပွတ်နယ်ပေးခြင်းဖြင့် ဆံပင်ကျွတ်ခြင်း၊ ဆံပင်နှစ်ခွဖြစ်ခြင်းနှင့် ဆံပင်ကျိုးခြင်းတို့ကို သက်သာပျောက်ကင်းစေကာ သန်းနှင့်ဗောက်များ လုံးဝကင်းစင်စေသည်။
- ရှားစောင်းလက်ပပ်ထဲတွင် ရောင်ရမ်းနာများကို သက်သာစေသော သဘာဝဓာတ်ပစ္စည်း ၁၂ မျိုးပါရှိ၍ ဘေးထွက်ဆိုးကျိုးလုံးဝမရှိဘဲ အရိုးအဆစ်အမြစ်နာကျင်ကိုက်ခဲခြင်းကို သက်သာစေနိုင်သည်။ ထို့ပြင် ကြွက်သားများ တောင့်တင်းခြင်းကိုလည်း ပြေလျော့စေသည်။
- ကိုလက်စထရောကျစေပြီး အဆိပ်အတောက်ကင်းကာ ခန္ဓာကိုယ်ကို ပေါ့ပါးလန်းဆန်းစေသည်။
- ခန္ဓာကိုယ်ထဲ အောက်စီဂျင်ပြတ်လပ်မှုမှ ကာကွယ်ပေးသဖြင့် ကိုဗစ်-၁၉ ရောဂါအတွက် ရှားစောင်းလက်ပပ်ကို ဓာတ်စာအဖြစ် စားပေးသင့်သည်။
- ကော်ဖီနှင့် လက်ဖက်ရည်အလွန်အကျွံသောက်သုံးခြင်းကြောင့် ခန္ဓာကိုယ်အတွက် မလိုလားအပ်သော Oxalates ဓာတ်အန္တရာယ်မှကာကွယ်ပေးသည်။
- ညအိပ်ရာဝင်ခါနီး ရှားစောင်းလက်ပပ်ဂျယ်လီကို မျက်နှာအနှံ့လိမ်းပေးပြီး မိနစ် ၂၀ အကြာမှာ ရေအေးနှင့် မျက်နှာသစ်ပေးပါက မိတ်ကပ်ချေး(ကြေး)များကင်းစင်ပြီး ချွေးပေါက်ပွင့်ကာ ဝက်ခြံလုံးဝ မထွက်စေနိုင်ပေ။ ထို့ပြင် ရှားစောင်းလက်ပပ်တွင်ပါဝင်သော အောက်စီဂျင်ကြောင့် အရေပြားပေါ်မှ ဆဲလ်များကို ပိုမိုသန့်စင်စေပြီး ချောမွတ်လှပစေပါသည်။ ဝက်ခြံသာမက တင်းတိပ်များကိုပါ ဖယ်ရှားပေးနိုင်ပြီး အသားအရေ နုးညံ့လှပစေသည်။
- ရှားစောင်းလက်ပပ်ကို အစိမ်းလိုက်ဝါးစားပေးပါက အရက်နာရောဂါ ပျောက်ကင်းစေသည်။ လူကို ပုံမှန်အတိုင်း ပြန်လည်လန်းဆန်းလာစေသည်။

(မှတ်ချက်) ရှားစောင်းလက်ပပ်ကို တစ်ရက်လျှင် 20 CC ထက်ပိုမစားရ။ အလွန်အကျွံစားပါက ကျောက်ကပ်ပျက်စီးစေနိုင်သည်။

အချုပ်ဆိုရသော် လူသားတို့ခန္ဓာကိုယ်ကို ကျန်းမာစွာတည်ဆောက်နိုင်ရန် အမိုင်နိုအက်စစ်စုစုပေါင်းအမျိုး ၂၀ လိုအပ်လျက်ရှိရာ ၁၈ မျိုးကို ရှားစောင်းလက်ပပ်ပင်မှ တစ်ပြိုင်တည်းရရှိစေမှာဖြစ်ကြောင်း Food and Drug Administration မှ ထပ်လောင်းအကြံပြုထားသည်။ သို့ပါ၍ မိမိတို့ခန္ဓာကိုယ်ကြီးကျန်းမာစေရန် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ စုဝေးရာ သဘာဝအရင်းအမြစ်ဖြစ်သည့် ရှားစောင်းလက်ပပ်ကို သက်စောင့်ဆေးအဖြစ် မှီဝဲကြစေလိုကြောင်းနှင့် ပြည်ပဈေးကွက်ဝင် ရှားစောင်းလက်ပပ်ပင်များကို ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် မြန်မာ့ရှားစောင်းလက်ပပ်ချက်ဆေးအကြောင်း ကမ္ဘာကသိကာ ဌာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုပွင့်လာပြီး နိုင်ငံခြားဝင်ငွေရရှိစေမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

တင်ထက်ထက်ဇော်

# ဟားမားစ်အဖွဲ့က ဂါဇာကမ်းမြောင်၌ ဖမ်းဆီးထိန်းသိမ်းထားသော ဓားစာခံ ၂၀ ကို ပြန်လွှတ်ပေး



ဂါဇာကမ်းမြောင်မှ လွှတ်ပေးလိုက်သော အစ္စရေးဓားစာခံများ တင်ဆောင်လာသည့် ယာဉ်တန်း အစ္စရေးနိုင်ငံတောင်ပိုင်း ရိမ်းဒေသအနီးရှိ စစ်ဘက်အခြေစိုက်စခန်းတစ်ခုသို့ ဆိုက်ရောက်လာစဉ်။

**ဂါဇာ အောက်တိုဘာ ၁၃**

ဂါဇာကမ်းမြောင်၌ ဟားမားစ်အဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားသော သက်ရှိဓားစာခံ ၂၀ကို ပြန်လွှတ်ပေးကာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီထံ လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ပြောသည်။

ဓားစာခံ ၄၈ ဦးအနက် ၂၀ သာလျှင် အသက်ရှင်လျက်ရှိနေသေးသည်ဟု အစ္စရေးဘက်က ယုံကြည်ထားသည်။ အစ္စရေးစစ်ဘက်၏ ထုတ်ပြန်ချက်အရ ၎င်းတို့အားလုံးကို အောက်တိုဘာ ၁၃ ရက်တွင် အစ္စရေးဘက်သို့ လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ လုပ်ဆောင်မှုမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အဆိုပြုသော အစီအစဉ်အရ အောက်တိုဘာ ၁၀ ရက်တွင်စတင်အသက်ဝင်ခဲ့သည့် အစ္စရေးနှင့် ဟားမားစ်အဖွဲ့တို့အကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်၏ နောက်ဆက်တွဲဖြစ်သည်။

သဘောတူညီချက်ပထမအဆင့်အရ ဟားမားစ်အဖွဲ့သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစတင်ချိန်မှစ၍ ၇၂ နာရီအတွင်း သို့မဟုတ် အောက်တိုဘာ ၁၃ ရက် မွန်းလွဲပိုင်းအထိ သေဆုံးဓားစာခံအလောင်းများအပါအဝင် ဓားစာခံအားလုံးကို ပြန်လွှတ်ပေးရမည်ဖြစ်သည်။ သို့သော်လည်း ရုပ်အလောင်းအားလုံးပြန်လည်ရရှိရေးတွင် အချိန်ကြန့်ကြာနိုင်ကြောင်း သိရသည်။

သဘောတူညီထားသည့်အတိုင်း အဆိုပြုထားသော အစီအစဉ်ကို ဆက်လက်လုပ်ဆောင်မည်လားဆိုသည်ကို ယခုအချိန်တွင် အများကအာရုံစိုက်နေကြကြောင်း သိရသည်။ ဟားမားစ်အဖွဲ့သည် အစီအစဉ်၏ နောက်ပိုင်းအဆင့်များမှ အချို့အချက်များကို ဆန့်ကျင်ကန့်ကွက်ထားကြောင်းလည်း အရိပ်အမြွက်ပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**

# ဆန်းသစ်တီထွင်မှုဖြင့် စီးပွားရေးတိုးတက်အောင်မြင်မှုကိုရှင်းပြနိုင်ခဲ့သည့် ပညာရှင်များကို ၂၀၂၅ ခုနှစ် စီးပွားရေးသိပ္ပံဆိုင်ရာ နိုဘယ်ဆုချီးမြှင့်

**စတော့ဟုမ်း အောက်တိုဘာ ၁၃**

ဆန်းသစ်တီထွင်မှုဖြင့် စီးပွားရေးတိုးတက်အောင်မြင်မှုကို ရှင်းပြနိုင်ခဲ့သည့်အတွက် ဂျိုဝယ်မော့ခါ၊ ဖီးလစ်အက်ဂျီယွန်နှင့် ပီတာဟိုးဝစ်တို့ကို ၂၀၂၅ ခုနှစ် စီးပွားရေးသိပ္ပံဆိုင်ရာ နိုဘယ်ဆုချီးမြှင့်ခဲ့သည်ဟု တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက ဖော်ပြခဲ့သည်။




မော့ခါသည် နော့သ်ဝက်စတန်းတက္ကသိုလ်၏ ပါမောက္ခတစ်ဦးဖြစ်သည်။ အက်ဂျီယွန်သည် ပြင်သစ်ကောလိပ်မှ ပါမောက္ခတစ်ဦးဖြစ်သည်။ ဟိုးဝစ်သည် ဘရောင်းတက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်သည်။

မော့ခါသည် စဉ်ဆက်မပြတ်တိုးတက်မှု၏ အကြောင်းရင်းများကို ဖော်ထုတ်ရန် နည်းလမ်းတစ်ခုအဖြစ်သမိုင်းအရင်းအမြစ်များကို အသုံးပြုခဲ့ခြင်းက မတူကွဲပြားသည့် ပုံစံသစ်တစ်မျိုးဖြစ်လာခဲ့သည်ဟု အကယ်ဒမီက ပြောသည်။

ထိုကဲ့သို့သော ပြောင်းလဲတိုးတက်မှုအတွက် လိုအပ်သောအချက်တစ်ချက်မှာ လူ့အဖွဲ့အစည်းတစ်ခုလုံးသည် ပြောင်းလဲရန် ပွင့်လင်းမြင်သာရှိရမည်ဖြစ်သည်။

အက်ဂျီယွန်နှင့် ဟိုးဝစ်တို့သည် တီထွင်ဖန်တီးမှုဆိုင်ရာ အပျက်အစီး (creative destruction) ဟုခေါ်သည့် သင်္ချာဆိုင်ရာ စံနမူနာတစ်ခုကို တီထွင်ခဲ့သည်။ ယင်းဖြစ်စဉ်တွင် ပိုမိုကောင်းမွန်သည့် အသစ်အသစ်သော ထုတ်ကုန်များ ဈေးကွက်သို့ ဝင်ရောက်လာသည့် အချိန်တွင် အဟောင်း ထုတ်ကုန်များကို ရောင်းချသည့် ကုမ္ပဏီများက ဆုံးရှုံးသွားကြသည်။

ဤလုပ်ငန်းစဉ်သည် ရေရှည်တည်တံ့ခိုင်မြဲသော တိုးတက်မှုဆီသို့ ဦးတည်သည့် ဖြစ်စဉ်တစ်ခုဖြစ်သည်ကို ၎င်းတို့နှစ်ဦး သဘောပေါက်ခဲ့သည်။

အဘယ်ကြောင့် ဤဖွံ့ဖြိုးတိုးတက်မှု ဖြစ်နိုင်သနည်းနှင့် ဆက်လက် တိုးတက်မှုအတွက် မည်သည့်အရာကို လိုအပ်မည်နည်းဆိုသည့် အချက်များကို နည်းလမ်းပေါင်းစုံသုံးပြီး ပညာရှင်များက ရှင်းလင်းပြသခဲ့သည်ဟု အကယ်ဒမီက ပြောသည်။

**အင်န်အိတ်ချ်ကေ**




## ဝန်ကြီးချုပ်ရာထူး ပြန်လည်လက်ခံခဲ့သော စီဘက်စ်တီယန် လီကော်နူ ဝန်ကြီးအဖွဲ့အသစ်ကို စုစုပေါင်း ဝန်ကြီး ၃၄ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီ

**ပဲရစ် အောက်တိုဘာ ၁၃**

ပြင်သစ်သမ္မတရုံး၏ ထုတ်ပြန်ချက်အရ ဝန်ကြီးချုပ် စီဘက်စ်တီယန် လီကော်နူသည် ၎င်း၏ ဝန်ကြီးအဖွဲ့အသစ်ကို စုစုပေါင်း ဝန်ကြီး ၃၄ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဟု ယမန်နေ့က အတည်ပြုကြေညာကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

အဓိက ခန့်အပ်မှုများတွင် လောရန့် နူးနက်ဇ်သည် ပြည်ထဲရေးဝန်ကြီး၊ ဂျန်-ပီယဲဖာရန်ဒူးသည် အလုပ်သမားဝန်ကြီး၊ မွန်နီကာဘာဘတ်သည် ဂေဟစနစ်ပြောင်းလဲရေးဝန်ကြီး၊ အက်ဒ်ဝပ် ဂျက်ဖရေးသည် အမျိုးသားပညာရေးဝန်ကြီးနှင့် ကက်သရင်းဗိုထရင်သည် ကာကွယ်ရေးဝန်ကြီးအဖြစ် အသီးသီးပါဝင်သည်။

ဒေသတွင်း မီဒီယာများ၏ ဖော်ပြချက်အရ ဝန်ကြီးချုပ် လီကော်နူသည် ထိုနေ့ညနေပိုင်း အစောပိုင်းက အီလီဇေးနန်းတော်တွင် သမ္မတ အီမန်နျူယယ် မာခရွန်နှင့် တွေ့ဆုံခဲ့သည်။

လီကော်နူက ၎င်း၏ ဒုတိယအကြိမ် ဝန်ကြီးအဖွဲ့အတွက် အတွေ့အကြုံရှိသော အရပ်ဘက်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များနှင့် လူငယ်ပါလီမန်အမတ်များ ပေါင်းစပ်ဖွဲ့စည်းမှုကို အဆိုပြုခဲ့ကြောင်း သိရသည်။

**Mon**

# ကလေးငယ် သန်းပေါင်းများစွာကို ကာကွယ်ရန်အတွက် ဘင်္ဂလားဒေ့ရှ်၌ အူရောင်ငန်းဖျားကာကွယ်ဆေးထိုးနှံပေး

**ဒက္ကာ အောက်တိုဘာ ၁၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပဋိဇီဝဆေးများအပေါ် ခုခံအားပိုမိုများပြားလာသည့် အသက်အန္တရာယ်ရှိသော အူရောင်ငန်းဖျားရောဂါမှ ကလေးငယ် သန်းပေါင်းများစွာကို ကာကွယ်ရန်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကာကွယ်ဆေးထိုးနှံရေး စီမံချက်ကို စတင်လိုက်ပြီဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။



အောက်တိုဘာ ၁၂ ရက်တွင် စတင်ခဲ့သည့် တစ်လကြာမည့် စီမံချက်သည် အသက်ကိုးလမှ ၁၅ နှစ်ကြားရှိ ကလေးငယ်ပေါင်း သန်း ၅၀ ခန့်ကို တီစီဗွီကာကွယ်ဆေးကို တစ်ကြိမ်တည်း ထိုးနှံပေးရန် ရည်ရွယ်သည်။

ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုထားသည့် အဆိုပါကာကွယ်ဆေးသည် ၅ နှစ်အထိ ကာကွယ်မှုပေးနိုင်ပြီး အစိုးရ၏ တိုးချဲ့ကာကွယ်ဆေးထိုး အစီအစဉ်အောက်တွင် အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

တောင်အာရှတစ်ဝှမ်းတွင် ပျံ့နှံ့နေသည့် ဆေးဝါးကို ခုခံနိုင်သော တိုက်ဖွိုက် ရောဂါပိုးမျိုးကွဲများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ မြင့်တက်လာပြီးနောက် ထိုစီမံချက်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

# ထိုင်းနိုင်ငံ ဗဟိုလွင်ပြင်ဒေသနှင့် မြောက်ပိုင်းဒေသတို့ရှိ ပြည်နယ် ၁၇ ခု၌ ရေကြီးမှုများ ဆက်လက်ဖြစ်ပွားနေ

**ဘန်ကောက် အောက်တိုဘာ ၁၃**

ထိုင်းနိုင်ငံ ဗဟိုလွင်ပြင်ဒေသနှင့် မြောက်ပိုင်းဒေသတို့တွင် အဓိကအားဖြင့် ပြည်နယ် ၁၇ ခု၌ ရေကြီးမှုများ အောက်တိုဘာ ၁၂ ရက်က ဆက်လက်ဖြစ်ပွားခဲ့ပြီး စူဖန်ဘူရီပြည်နယ်၌သာ ရေမျက်နှာပြင် မြင့်တက်လာကာ အခြားနေရာများတွင်မူ ရေမျက်နှာပြင် တည်ငြိမ်နေခြင်း သို့မဟုတ် ကျဆင်းသွားခြင်းများရှိခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျော့ပါးသက်သာရေးဦးစီးဌာန၏ အစီရင်ခံစာအရ ဗဟိုလွင်ပြင်ဒေသရှိ ပြည်နယ်ရှစ်ခုဖြစ်သော အူထိုင်းဌာနီ၊ ချိုင်နတ်၊ စင်ဘူရီ၊ အန့်ထောင်း၊ စူဖန်ဘူရီ၊ အယုဒ္ဓယ၊ ပထုန်ဌာနီနှင့် နခွန်ပထုန်မှ ဒေသခံများ ဆက်လက်ရေဘေးသင့်နေဆဲဖြစ်သည်။



ဗဟိုလွင်ပြင်ဒေသတွင် ရေကြီးမှုအဆင့်များသည် စူဖန်ဘူရီပြည်နယ်၌သာ တိုးလာခဲ့ရာ အထူးသဖြင့် မောင်း၊ ဘန်ပလာမာ၊ ဆောင်းဖီနောင်း၊ ဒွန်ချေဒီ၊ ဒွန်ဘန်နန်ဘူရတ်၊ အူထောင်း၊ နောင်ယာဆိုင်း၊ ဆမ်ချူနှင့် ဒန်ချန်ခရိုင်များတွင် ဖြစ်သည်။

ဒေသတွင်းရှိ အခြားနေရာများတွင်မူ ရေကြီးမှုအဆင့်များသည် တည်ငြိမ်နေခြင်း သို့မဟုတ် စတင်ကျဆင်းလာခြင်းများ ဖြစ်ပေါ်ခဲ့ပြီး မြောက်ပိုင်းဒေသ၌မူ ဖစ်ဆနုလော့၊ ဖစ်ချိုချဘွန်၊ ဆူခိုထိုင်း၊ ဖစ်ချစ်နှင့် နခွန်ဆဝမ်ပြည်နယ်ငါးခုတွင် ရေကြီးမှုဆက်လက်ဖြစ်ပွားနေဆဲဟု ဆိုသည်။

ဖစ်ဆနုလော့နှင့် နခွန်ဆဝမ်တို့တွင် ရေမျက်နှာပြင်သည် တည်ငြိမ်နေခဲ့သော်လည်း ဖစ်ချိုချဘွန်၊ ဆူခိုထိုင်းနှင့် ဖစ်ချစ်တို့တွင်မူ ပိုမိုနိမ့်ကျသွားကြောင်း သိရသည်။

**Mon**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ၊ အပိုင်း(၂)၊ အကွက်အမှတ်(မမ-၁၆)၊ တိုက်အမှတ်(၁၁)၊ အခန်းအမှတ်(၂၀၁)၊ ဒုတိယထပ် ဒေါ်ခင်မာသီ အမည်ပေါက်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဦးစိုင်းကျော်ခိုင်(ဘ)ဦးအိုက်စန်း(၁၃/နဆန(နိုင်)၀၂၃၅၆၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရီဝေယံ(ဘ)ဦးတင်ထွန်းကျော်(၉/ခအစ(နိုင်)၀၅၆၈၆၉)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ကိစ္စနှင့် အမည်ပြောင်းအတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန်းအိရွှေစင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(မမ-၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၃၁၈၈၈၊ ၀၉-၆၉၃၈၈၈၁၁၃**

## မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၆)၊ ဦးပိုင်အမှတ်(၄)နှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (နန-၂၁/၂၉)၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြားနေ ဒေါ်ဟေမာလှိုင်(ဘ)ဦးမျိုးလှိုင်(၉/ပကခ(နိုင်)၀၀၆၈၈၂)မှ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၆၇လမ်း၊ ၁၂၈လမ်းနှင့် ၁၂၉လမ်းကြား၊ အကွက်အမှတ်(ဒဒ-၁၆)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဥပစာအား ဒေါ်ဟေမာလှိုင်က မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်လက်ရှိထားရှိခဲ့ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ မဟာအောင်မြေခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၄၁/၂၀၂၃)ဖြင့် ဒေါ်ဟေမာလှိုင်က တရားလိုပြုပြီး ဒေါ်ခင်မာလွင် ပါ-၂ ဦးတို့အပေါ်တွင် "တရားလိုသည် ဥပစာကို လက်ရှိထားပိုင်ခွင့်ရှိကြောင်း ကြေညာပြဋ္ဌာန်းပေးစေလိုမှု" စွဲဆိုခဲ့ပါသည်။ မဟာအောင်မြေခရိုင်တရားရုံးကလည်း ဒေါ်ဟေမာလှိုင်စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီကို စရိတ်နှင့်တကွ (၂၇-၂-၂၀၂၅)ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအနိုင်ဒီကရီအရ သက်ဆိုင်ရာရုံးဌာနအသီးသီး၌ ဒေါ်ဟေမာလှိုင်အမည်ပေါက် ဂရန်သစ် ပြန်လည်ရရှိသည်အထိ ဆက်လက်လျှောက်ထားဆောင်ရွက်လျက်ရှိပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်မ ဒေါ်ဟေမာလှိုင်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက တရားဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**"ဆက်သွယ်ရန်"**

**ဒေါ်ဟေမာလှိုင်**

**(နန-၂၁/၂၉)၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၇၂၂၂၅၆၃၊ ၀၉-၉၈၀၄၉၁၀၉၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၃)၊ ဦးပိုင်အမှတ်(၁၄၃)၊ ဧရိယာ(၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်သီဂီအေး(ဘ)ဦးသန်းအောင်(၉/မနတ(နိုင်)၀၃၇၃၈၉)နှင့် ဒေါ်မြင့်မြင့်ခိုင်(ဘ)ဦးသန်းအောင်(၉/မနတ(နိုင်)၀၃၇၃၉၀)တို့ (၂)ဦး အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ချစ်ခင်(ဘ)ဦးချုတ်ကတီး(ခ)ချမ်းကတီး(၉/မနတ(နိုင်)၀၄၃၇၄၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| (B.A(Hist), H.G.P) | (LL.B) | (B.Sc. PGDL) |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၃)၊ ဦးပိုင်အမှတ်(၄၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးစိုးသန်း(ဘ)ဦးထွန်းရီ(၉/ပသက(နိုင်)၂၅၉၂၅၂)အမည်ပေါက် ဂရန်မြေကွက်နှင့် ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးတင်ငွေ(ဘ)ဦးဘိုးသိုင်း(AG-၃၃၀၄၇၁)အမည်ပေါက် ဂရန်မြေကွက်များဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကဝိသာရ(၉/အမဇ(သ)၀၀၂၁၇၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက်များ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| (B.A(Hist), H.G.P) | (LL.B) | (B.Sc. PGDL) |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၉)၊ ဦးပိုင်အမှတ်(၅၂)မြေကွက်သည် ဦးစိုးမင်းမောင် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ မြောက်အစွန်ဆုံး၏တောင်ဘက်ခြမ်း (၁၅×၄၀)ပေ အကျယ်အဝန်းရှိသောမြေနှင့် အိမ်အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးမြင့်ကျော်လွင်နှင့် ဒေါ်လှငွေးတို့ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ**

**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခခ-၁၄)၊ ဦးပိုင်အမှတ်(၂၁-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ဦးတင်ငွေ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်သဲပိုင်ဦး(ဘ)ဦးသန်းညွန့်(၁၂/အစန(နိုင်)၀၂၀၀၁၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| ဦးတင်ဇော်လတ် | ဦးရဲကျော်သူ | ဦးငြိမ်းချမ်းကျော် | ဦးစည်သူမြင့် |
|---|---|---|---|
| (LL.B) | (LL.B) | (LL.B) | (LL.M) |
| တရားလွှတ်တော်ရှေ့နေများ | | | အထက်တန်းရှေ့နေ |

**ယုဇနလမ်းသွယ်၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၀၂၆၂၂၄၇၁**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

မိုးကုတ်မြို့၊ လယ်ဦးသံလွင်တောင်ရပ်နေ ဦးတန်ဂွမ်း + ဒေါ်အားဂူးမီးတို့၏ သားဖြစ်သူ မောင်ဖီဒေးဗစ်(၉/မကန(နိုင်)၁၆၁၂၇၁)ကိုင်ဆောင်သူမှ မိဘများ၏ ဆိုဆုံးမမှုအား နာခံခြင်းမရှိဘဲ မိဘများလက်ခံနိုင်ဖွယ်မရှိသည့် ကိစ္စရပ်များကို အကြိမ်ကြိမ်ကျူးလွန်ခဲ့သောကြောင့် မောင်ဖီဒေးဗစ်အား သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် လူမှုကိစ္စအဝဝနှင့် ငွေရေးကြေးရေးအရှုပ်အရှင်းများ၊ ၎င်းတာဝန်ခံဆောင်ရွက်ထားသော အထွေထွေကိစ္စရပ်များမှာ မိဘများနှင့် သက်ဆိုင်ခြင်းမရှိသည့်အပြင် လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးသူထွန်း(စဉ်-၁၁၃၁၇/၂၀၁၇)**

**တရားလွှတ်တော်ရှေ့နေ**

**၅၅လမ်း၊ ၁၀၈လမ်းထောင့်၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၅၁၁၁၂၂၂၃၊ ၀၉-၉၇၁၁၁၂၂၂၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဘုန်းမြတ်ကျော်(ဘ)ဦးအောင်မျိုးညွန့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မဟမ(နိုင်)၀၇၂၈၈၃)ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် MJ 383883 သည် မန္တလေးမြို့ပေါ်၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ကိုဘုန်းမြတ်ကျော်(ဘ)**
**ဦးအောင်မျိုးညွန့်**
**ဖုန်း ၀၉-၂၀၀၉၃၇၉**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၅)၊ ဦးပိုင်အမှတ်(၆၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်မှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်အုံးတင်(ဘ)ဦးသန်းစိန်(၉/မနတ(နိုင်)၀၅၉၃၇၂)ကိုင်ဆောင်သူ၏ ခင်ပွန်းဖြစ်သူ ဦးဇော်ဝင်းလေး(ဘ)ဦးအိုက်ချို(EME-၀၀၄၁၈၀) အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ ခင်ပွန်းဖြစ်သူ ဦးဇော်ဝင်းလေးသည် (၂၀-၉-၂၀၂၀)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါသည်။ ခင်ပွန်းကွယ်လွန်သွားပြီးနောက်ပိုင်း အထက်ပါဂရန်မြေကွက်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများမှာ ဇနီးဖြစ်သူ ဒေါ်ခင်အုံးတင် လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ သက်ဆိုင်ရာရုံးဌာနများတွင် လျှောက်ထားမည်ဖြစ်ပြီး အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက်လည်း မြေပုံ၊ မြေရာဇဝင် ရေးကူးမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဒေါ်ခင်အုံးတင်(ဘ)ဦးသန်းစိန် | ဦးသက်ထွန်းဦး(LL.B) |
| (၉/မနတ(နိုင်)၀၅၉၃၇၂) | အထက်တန်းရှေ့နေ(စဉ်-၃၈၃၂၈) |
| ဖုန်း ၀၉-၇၆၆၇၆၆၁၁၉ | ဖုန်း ၀၉-၇၉၇၂၅၃၁၄၅ |

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁၄)၊ ဦးပိုင်အမှတ်(၇၈)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧကရှိ ဗိုလ်မှူးသိန်းဆွေအမည်ပေါက်ရှိသော ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း(၃၀×၄၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတို့က အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော ဦးသန်းစိုးအောင်(အဘ)ဦးကျော်သိန်း(၅/တဆန(နိုင်)၀၇၅၆၉၀)၊ ဒေါ်အိအိကျော်(အဘ)ဦးအောင်ရွှေ(၉/မရတ(နိုင်)၁၀၉၂၄၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇/၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား (၁၀၉လမ်းမှ ဝင်ရမည်။) မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၂)၊ ဦးပိုင်အမှတ်(၅၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဒေါ်ခင်နွဲ့ယဉ်အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက အမည်ပေါက်ပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ခင်နွဲ့ယဉ်(အဘ)ဦးခင်မောင်(၅/တဆန(နိုင်)၀၀၁၂၁၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇/၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား (၁၀၉လမ်းမှ ဝင်ရမည်။) မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၄)၊ ဦးပိုင်နံပါတ်(၄၂)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀)အကျယ်အဝန်းရှိ ဦးစန်းဦး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးထွန်းအောင်(ဘ)ဦးမင်းရှင်(၁၃/နမတ(နိုင်)၀၆၈၉၁၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၄)၊ ဦးပိုင်နံပါတ်(၅၅)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးလှမြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်းသင်းခိုင်(ဘ)ဦးမြသောင်း(၉/မနမ(နိုင်)၀၉၅၅၂၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်အုပ်စု၊ ဖျောက်ဆိပ်ကုန်းရပ်ကွက်၊ မဟာဝိဇာရာမကျောင်းမုခ်ဦးတည့်တည့်၊ အိမ်အမှတ်(ဖဆက-၂၄) အိမ်ဝိုင်း၏ တောင်ဘက်ခြမ်း အရှေ့ဘက်လှည့်မျက်နှာပွင့် တောင်-မြောက်(၁၅)ပေ၊ အရှေ့-အနောက်(၄၇)ပေ အကျယ်အဝန်းရှိ ကွန်ကရစ်လမ်းမေးတင် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ဒေါ်(ဘ)ဦးထွန်းအောင်(၉/အမရ(နိုင်)၀၃၁၀၂၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်ဝင်းနန္ဒာထွန်း(ဘ)ဦးခင်ထွန်း** | **ဒေါ်အေးမြင့်(ခ)ဒေါ်အေးအေးမြင့်(LL.B)** |
| **(၉/အမရ(နိုင်)၁၂၈၈၇၅)** | **အထက်တန်းရှေ့နေ** |
| | **ပိုက်ကျုံး၊ အကွက်(၂၂၅)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၂၈၀၇၅၅၈၇** |

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ယခင် ဦးပိုင်အမှတ်(၂-စ)၊ ယခု ဦးပိုင်အမှတ်(၂၉)၊ ဧရိယာ(၀ ဒသမ ၀၂၄၁)ဧက အကျယ်အဝန်းရှိ ဦးအာရ်ဂျွန်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၃)ထပ် အဆောက်အအုံ (ရေ+မီး)အပါအဝင် ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်၊ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိအမည်ပေါက် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုကာ အဆိုပြုရောင်းချသူ ဦးအာရ်ဂျွန်း(ဘ)ဦးတန်ကာနတ်သ်(၁/ဝမန(နိုင်)၀၃၄၅၃၁)က ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်တို့အမှုသည်ထံ အဆိုပြုပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့အမှုသည်ကလည်း ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်လပြည့် (ဥပဒေဘွဲ့)**
**ဦးအောင်မျိုးထွန်း(ဥပဒေဘွဲ့)၊ ဦးထက်ပိုင်စိုး(ဥပဒေဘွဲ့)၊ ဒေါ်ဝင်းမာ(ဥပဒေဘွဲ့)၊ ဒေါ်ထက်ထက်လှိုင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးကျော်ရဲအောင် (ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ**
**ရုံးခန်း – လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၅၅၉၂၆၊ ၀၉-၇၅၂၄၅၅၉၂၆၊ ၀၉-၉၄၀၇၉၀၀၉၉၊ ၀၉-၇၉၇၃၅၀၀၇၁၊ ၀၉-၄၀၂၆၄၇၆၂၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ခ-၅)၊ ဦးပိုင်နံပါတ်(၅၈-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ ပူးတွဲအမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်သီတာအောင်(ဘ)ဦးအောင်သန်း(၁၃/လရန(နိုင်)၀၇၅၇၀၉)နှင့် ဒေါ်အေးအေးအောင်(ဘ)ဦးအောင်သန်း(၁၂/ဒဂန(နိုင်)၀၂၃၂၅၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ | **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ | | |
| **ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ | **ဦးဝေဖြိုးသူ (LL.M)** တရားလွှတ်တော်ရှေ့နေ | **ဦးဖြိုးသာခန့် (LL.B)** အထက်တန်းရှေ့နေ | **ဒေါ်ကောင်းစုဝမ်း (LL.B)** အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၄)၊ ဦးပိုင်နံပါတ်(၄၁-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၈)ဧက အကျယ်အဝန်းရှိ ဒေါ်ကြင်မြိုင်(ခ)ဒေါ်ကျင်မြိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်း ခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမင်းဇော်ဝင်း(ဘ)ဦးစံဆင့်(၉/ခမစ(နိုင်)၀၃၃၆၀၃)[၎င်း၏ကိုယ်စား ဒေါ်လှဝင်းနွယ်(ဘ)ဦးစံဆင့်(၈/ပခက(နိုင်)၁၅၉၄၈၅)]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| **ဦးတင်အောင်မိုး(LL.B,LL.M)** တရားလွှတ်တော်ရှေ့နေ | **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ | | |
| **ဒေါ်ယုသစင်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ | **ဒေါ်အေးနန္ဒာထွန်း(LL.B)** တရားလွှတ်တော်ရှေ့နေ | **ဒေါ်မာလာစိုး(LL.B)** အထက်တန်းရှေ့နေ | **ဒေါ်ဖူးသန့်မွန်(LL.B)** အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

❖ အလျင်အမြန်ပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးနှင့်အတူ ကောင်းမွန်စွာ လိုက်ပါရှင်သန်နိုင်ရေးအတွက် မိမိတို့အနေဖြင့် လူသားအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံကြရမည်၊ လုပ်သားအင်အားစုကြီးကို ပညာသင်ကြားပေးမှုနှင့် လေ့ကျင့်ပေးမှုများ အသေအချာလုပ်ဆောင်ပေးရမည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဇဟာဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ယုတ္တိမရှိသည့် စွပ်စွဲမှုများကန့်ကွက်ပယ်ချ

ဂျီနီဗာမြို့တွင် ၈-၉-၂၀၂၅ ရက်မှ ၈-၁၀-၂၀၂၅ ရက်အထိ ကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ (၆၀) ကြိမ်မြောက် အစည်းအဝေးကာလအတွင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာနှင့် မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရားဆိုသည့်အဖွဲ့၏ အစီရင်ခံစာတို့အပေါ် ပေါင်းစပ်အပြန်အလှန် ဆွေးနွေးမှုကို ပြုလုပ်ခဲ့ပါသည်။ ယခုအကြိမ်တွင်လည်း ယခင်အကြိမ်များနည်းတူ သက်ဆိုင်သည့်နိုင်ငံမှ ကိုယ်စားလှယ်အား ပါဝင်ခွင့်မပြုဘဲ ကျင်းပခဲ့ခြင်းသည် လူ့အခွင့်အရေးကောင်စီ၏ အခြေခံမူများဖြစ်သည့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့နှင့် သွေဖည်လျက်ရှိသည်။

လူ့အခွင့်အရေးကောင်စီ၏ ဆွေးနွေးမှုများနှင့် အစီရင်ခံစာများတွင် စိစစ်အတည်ပြုနိုင်ခြင်းမရှိသော အချက်အလက်များကို အများအားဖြင့် အသုံးပြုထားပြီး မြန်မာအစိုးရအပေါ် ထပ်တလဲလဲ စွပ်စွဲချက်များသာ ပါဝင်နေသည်ကို တွေ့ရှိရသည်။ ဤကဲ့သို့သော စိစစ်အတည်ပြု၍ မရသော ယုတ္တိမရှိသည့် အချက်အလက်များကို အခြေခံကာ အခြေအမြစ်မရှိသော စွပ်စွဲချက်များကို အကြိမ်ကြိမ် ထပ်တလဲလဲ ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

စာမျက်နှာ ၈ သို့ ❖

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KIA/KPF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင် ၁၁ ဦး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် KIA/KPF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင် ၁၁ ဦးသည် ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် KIA/ KPF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင် ၁၁ ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပူတာအိုတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ယင်းနောက် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ကြပြီး လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကြသည်။



အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံ ရောက်ရှိနေသော KIA/ KPF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အနေအစား ဆင်းရဲ၍ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်း၊ လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများနှင့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်း မရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိသည့်အတွက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

၀-၀-၀-၀-၀

## အာရှအကောင်းဆုံး ဘောလုံးသမားဆုကို ဆွန်ဟောင်မင် ဆွတ်ခူး



**လန်ဒန် အောက်တိုဘာ ၁၃**

အာရှ Ballon d'Or လို့ တင်စားခံရသည့် အာရှအကောင်းဆုံး ဘောလုံးသမားဆုကို တောင်ကိုရီးယားအသင်းနှင့် လော့စ်အိန်ဂျလိစ် တိုက်စစ်မှူး ဆွန်ဟောင်မင်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယခုဆုကို ၁၀ကြိမ်မြောက် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၃၃ နှစ်အရွယ်ရှိ ဆွန်ဟောင်မင်က "ကျွန်တော် အခုလို အာရှအကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ အခုဆုကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ပါ။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် လက်ရွေးစင်အသင်းနဲ့ရော၊ ကလပ်အသင်းနဲ့ပါ အောင်မြင်မှုများရရှိအောင် အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ (NGB)